EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၆) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | (ဖေဖော်ဝါရီ ၁၆ - ဖေဖော်ဝါရီ ၂၂၊ ၂၀၁၈)



## တနိုင်းမြို့နယ်အတွက် ၂ နှစ်အတွင်း ကျောင်းပေါင်း ၂၀ လောက်ရအောင် တင်ပြခဲ့တယ်ဆိုတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး

စာ - ၁၇ သို့ »

# တပ်မတော်က KIA စစ်သုံ့ပန်းများကို ပြန်လည်လွှဲပြောင်းပေးခြင်းမရှိဟု ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ ပြော



စာ - ၂/၃ သို့ »

စစ်သုံ့ပန်းသုံးဦးကို PCG သို့အပ်နှံရန် KIA အဖွဲ့မှ ခေါ်ဆောင်လာစဉ်

ဓါတ်ပုံ - Salai

## တပ်မတော်နှင့် ကေအိုင်အေ တရုတ်နိုင်ငံတွင် သီးခြားတွေ့ဆုံ

စာ - ၄ သို့ »

## နောင်တာလောတွင် သဲကျောက်လုပ်ငန်း မန်းပြ၍ ရွှေထုတ်ယူနေမှုကို တာဝန်ရှိသူများက စိစစ်ပေးရန် ကြန့်ကြာနေ

စာ - ၅ သို့ »

## ပူတာအိုတွင် ကုန်ဈေးနှုန်း အဆမတန် မြင့်တက်နေသဖြင့် ပြည်သူများ ဆန္ဒထုတ်ဖော်

စာ - ၂ သို့ »

## ကျောင်းထုတ်ခံရသူများ ကျောင်းပြန်တက်ခွင့် တောင်းခံပါက ခံဝန်လက်မှတ်ဖြင့် လက်ခံပေးသွားမည်ဟု မိုးညှင်းဒီဂရီကောလိပ် ကျောင်းအုပ်ကြီးပြော

စာ - ၁၅ သို့ »

## တနိုင်းနယ်တွင် ပိတ်မိနေသည့်ပြည်သူအားလုံး ပြန်လည်လွတ်မြောက်

စာ - ၂ သို့ »

MORNING STAR COMPUTER TRAINING CENTER

ကွန်ပျူတာ ပြုပြင်
မိတ္တူ ကွန်ပျူတာ စာစီ/စာရိုက်
ဓါတ်ပုံအမျိုးမျိုး လိုင်စင်
ပလတ်စတစ်ကတ်လောင်း

CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
အောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်

Available Course

- Microsoft Essential Course
- Adobe Photoshop
- Adobe InDesign
- Adobe Illustrator
- Sound Editing
- AutoCAD
- Programming
- Photoshop For Fashion Designer
- Advance Excel
- A+
- Networking
- Video Editing
- Web Design
- Data Base
- Book Keeping

ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်ခန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီ။

Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီ။

contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com

# IA စစ်သုံ့ပန်းများကို ပြန်လည်လွှဲပြောင်းပေးခြင်းမရှိဟု ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ပြော



စစ်သုံ့ပန်းသုံးဦးကို PCG သို့အပ်နှံရန် KIA အဖွဲ့မှ ခေါ်ဆောင်လာစဉ် ဓါတ်ပုံ - Salai



PCG အဖွဲ့မှ ဦးလမိုင်ဂွမ်ဂျာနှင့် စစ်သုံ့ပန်းသုံးဦးအား တွေ့ရစဉ် ဓါတ်ပုံ - Salai

တပ်မမှူးထံ ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် ပြန်လည်အပ်နှံခဲ့သည်ဟု ဦးလမိုင်ဂွမ်ဂျာက ပြောသည်။

ယခုကဲ့သို့ စစ်သုံ့ပန်း ၃ ဦးအား လွှတ်ပေးခဲ့ရသည့် အကြောင်းအရင်းမှာ အပြည်ပြည်ဆိုင်ရာဥပဒေအရ စစ်သုံ့ပန်းများကို လွှတ်ပေးရသည့် ပေါ်လစီအရ ယခုလိုပြန်လည်အပ်နှံခဲ့ခြင်း ဖြစ်သည်ဟု ကေအိုင်အေအဖွဲ့မှ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကေအိုင်အိုရဲ့မူ ပေါ်လစီအရ အပြည်ပြည်ဆိုင်ရာ ဥပဒေတွေထဲကအတိုင်း စစ်သုံ့ပန်းတွေကို ပြန်လွှတ်ပေးတာဖြစ်ပါတယ်"ဟု ဗိုလ်မှူးကြီးနော်ဘူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

သို့သော် ကေအိုင်အေ၏ ပေါ်လစီအရ စစ်သုံ့ပန်းများကို ပြန်လည်အပ်နှံခြင်း ပြုလုပ်နေသော်လည်း မြန်မာ့တပ်မတော်ဘက်က ၎င်းတို့ရရှိသည့် ကေအိုင်အေတပ်သား စစ်သုံ့ပန်းများကို ပြန်လည်လွှတ်ပေးခြင်းမျိုး မရှိခဲ့ကြောင်းကိုလည်း ဗိုလ်မှူးကြီးနော်ဘူက ထပ်လောင်းပြောဆိုသည်။

"တပ်မတော်ဘက်က ကျွန်တော်တို့လူတွေကို ပြန်လွှတ်ပေးတယ်ဆိုတာမျိုး မကြုံမိပါဘူး။ ရှိလည်းမရှိခဲ့ဖူးဘူး။ သူတို့ကတော့ မြန်မာနိုင်ငံရဲ့ဥပဒေအရ တရားစွဲပြီးမှ ဥပမာ ၁၇/၁တို့၊ နိုင်ငံတော်ပုန်ကန်မှုတို့နဲ့ တရားစီရင်တယ်"ဟု ဗိုလ်မှူးကြီးနော်ဘူက ရှင်းပြသည်။

ကေအိုင်အေ ဖမ်းဆီးခံခဲ့ရသည့် တပ်မတော်သား ၃ ဦးမှာ တပ်ကြပ် သက်မောင်ထွေး၊ တပ်သားမျိုးမင်းဇော်၊ တပ်သား နေဆန်းမင်းတို့ဖြစ်ပြီး ၎င်းတို့မှာ တပ်မ - ၁၀၁ လက်အောက်ခံတပ်ဖြစ်သည့် ခလရ- ၂၅၅ မှ စစ်သည်များ ဖြစ်ကြသည်။

ကေအိုင်အေက မိမိတို့အား သတ်ဖြတ်ခြင်းမျိုးမပြုလုပ်ဘဲ ပြန်လည်လွှတ်ပေးခဲ့သည့်အတွက် ဝမ်းမြောက်မိကြောင်းနှင့် လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများအမြန်ဆုံးအဆုံးသတ်ရန် မျှော်လင့်ကြောင်း ဖေဖော်ဝါရီလ ၁၀ ရက်တွင် လွတ်မြောက်လာခဲ့သည့် စစ်သုံ့ပန်းတစ်ဦးက ပြောသည်။

"မသေဘဲနဲ့ ပြန်လာရလို့



လွှဲပြောင်းအပ်နှံကြောင်း လက်မှတ်ရေးထိုးနေပုံ ဓါတ်ပုံ - Salai

ပျော်ပါတယ်။ တိုက်ပွဲတွေ မဖြစ်ဘဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေရတာ ပိုကောင်းပါတယ်။ သူတို့ဘက်ကတော့ ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ထားပါတယ်။ သူတို့စားသလို၊ သူတို့နေသလို စားတာသောက်တာကအစ အားလုံးတန်းတူခွင့်ပြုခဲ့ပါတယ်"ဟု စစ်သုံ့ပန်းတစ်ဦးဖြစ်သည့် ၄၀ နှစ်အရွယ် တပ်ကြပ်သန်းထိုက်က ပြောသည်။

ပြည်ထောင်စု တစ်ခုတည်းတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများအားလုံး စည်းစည်းလုံးလုံးနေထိုင်ကာ ငြိမ်းချမ်းရေးကို ဦးတည်စေလိုကြောင်း စစ်သုံ့ပန်းတစ်ဦးဖြစ်သည့် အသက် ၁၉ နှစ်အရွယ် တပ်သား နေဆန်းမင်းကလည်း မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောသည်။

"အခုလို လုပ်ပေးတော့ ပျော်တယ်။ လိုလေသေးမရှိအောင် ထားတယ်။ တိုင်းရင်းသားတွေအားလုံး စည်းစည်းလုံးလုံးနဲ့ ငြိမ်းချမ်းရေးဘက်ကို သွားချင်တယ်။ အခုလို တိုက်ပွဲမျိုးတွေ ဆက်မဖြစ်ခိုင်းစေချင်ပါဘူး။ ကိုယ့်လူမျိုးကိုယ့်တိုင်းရင်းသားအချင်းချင်းတွေပဲ။ တစ်ဘက်ကိုတစ်ဘက် ပြန်မကြည့်ဘဲ တိုက်ပွဲတွေဖြစ်နေရင်တော့ ငြိမ်းချမ်းရေးရလာမှာမဟုတ်ပါဘူး"ဟု တပ်သား နေဆန်းမင်းက ပြောသည်။

အဆိုပါသုံ့ပန်းများကို ဖေဖော်ဝါရီလ ၁ ရက် ည ၇ နာရီအချိန်ခန့်တွင် မိုးကောင်းမြို့နယ်၊ နန့်ဟိုင်ကျေးရွာရှိ KBC ဆုတောင်းတောင်အနီး ဖြစ်ပွားခဲ့သောတိုက်ပွဲ၌ ကေအိုင်အေတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

ပြန်လွှတ်ပေးလိုက်သည့် စစ်သည်သုံးဦးအား လမ်းစရိတ်အဖြစ် ကေအိုင်အေ အမှတ်(၆)တပ်ရင်းမှ တပ်ရင်းမှူးကတစ်ဦးလျှင် ငါးသောင်းကျပ်စီ ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့အကြား ၂၀၁၁ ခုနှစ်မှစတင်ကာ တစ်ကျော့ပြန်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ စစ်ရေးတင်းမာမှုများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

Salai



မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
တရန့်ဗိုင်၊ ဖေဘ်ခွန်း

တာဝန်ခံ အယ်ဒီတာ
ဆိုင်းဗိုင်

အယ်ဒီတာ
ငြိမ်းပြည့်စုံ

သတင်းထောက်
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းထွယ်ဖင်၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ကျော်ကျော်ဦး(စစ)

နယ်သတင်းထောက်
သန်းထွန်းအောင်၊ အောင်ခမ်း(ပူတာအို)

စာပြင်
ဇော်နိုင်ဦး

ကွန်ပျူတာစာစီ
ဝေဝေအောင်

ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း
N-Hkai La Tawng၊
Shadau San Awng (L.B.Y)

မြစ်ကြီးနားရုံးတာဝန်ခံ
ခိုခိုထက်နိုင်

မိုးညှင်းရုံးတာဝန်ခံ
နန်ဂျာ

စာရင်းကိုင်
နန်အောင်၊ ဘောက်ဒူးဂျာ

စီးပွားရေးတာဝန်ခံ
ဇိုင်ဖင်ဖြိုး ဂျာဇင်

ဖြန့်ချိရေးတာဝန်ခံ
ဇော်ထုံ

တန်ဖိုး
၅၀၀ ကျပ်

ဖလင်
KING

ထုတ်ဝေသူ
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၇၀)

ဆက်သွယ်ရန်
အမှတ်(၀၆၄)၊ အင်ဂျန်ဗုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
myitkyinajournal@gmail.com
myitkyinanewsjournal@facebook.com

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးတောင်းခံခြင်း၊ ထိုးလက်ဆောင်ဆောင်ခြင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရာထူးတာဝန်ဆောင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# တပ်မတော်နှင့် ကေအိုင်အေ တရုတ်နိုင်ငံတွင် သီးခြားတွေ့ဆုံ

ဖေဖော်ဝါရီ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အာရှရေးရာအထူးသံတမန်၏ ကြားဝင်စေ့စပ်ကူညီမှုကြောင့် တပ်မတော်နှင့် ကေအိုင်အိုတပ်ဖွဲ့တို့ သီးခြားတွေ့ဆုံမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ သီးခြားတွေ့ဆုံပွဲကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရှီတာလီမြို့တွင် ဖေဖော်ဝါရီလ ၀ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုတွေ့ဆုံပွဲ၌ တပ်မတော်က ကေအိုင်အေတပ်ဖွဲ့ကို ဖိအားပေးခြင်းမျိုး ပြုလုပ်ခဲ့သည်ဟု ကေအိုင်အိုသတင်းနှင့် ပြန်ကြားရေးဌာနမှ တာဝန်ရှိသူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကေအိုင်အေအနေနဲ့ သူတို့သတ်မှတ်ထားတဲ့ နေရာမှာပဲ နေရမယ်တဲ့။ အဲဒီလို သတ်မှတ်ထားတဲ့နေရာမှာပဲ နေမယ်ဆိုရင်တော့ ပြဿနာဖြစ်စရာမရှိဘူး။ တိုက်ပွဲတွေလျော့ကျသွားမယ်လို့ ဆွေးနွေးပွဲမှာ တပ်မတော်က ပြောခဲ့တာ။ အဲဒီလိုပြောခြင်းက ဒါကျွန်တော်တို့ကို ဖိအားပေးတာလေ"ဟု ကေအိုင်အိုသတင်းနှင့်ပြန်ကြားရေးဌာနမှ ပိုလ်မှူးကြီးနော်ဘူက ပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အာရှရေးရာအထူးသံတမန်၏ ကြားဝင်စေ့စပ်ကူညီဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပေါ်လာသည့် သီးခြားတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဟောင်း ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများအပြင် ကေအိုင်အိုပဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လ ဦးဆောင်သည့် ပဟိုကော်မတီဝင်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

"သူတို့ပြောတဲ့ တပ်နေရာပြောင်းရွှေ့ဖို့က အချိန်တိုအတွင်းမှာ ဘယ်လိုမှ မဖြစ်နိုင်ခဲ့ဘူးလေ။ ဒါပေမယ့် ဆက်ပြီး အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးသွားဖို့ရှိတယ်။ ဒါပေမယ့် ဘယ်နေ့ ဘယ်နေရာမှာ ဆွေးနွေးမယ်ဆိုတာကိုတော့ အတိအကျ မပြောနိုင်သေးဘူး"ဟု ဗိုလ်မှူးကြီးနော်ဘူက ရှင်းပြသည်။

ယူနန်ပြည်နယ်တွင် ပြုလုပ်သည့် တွေ့ဆုံပွဲတွင် ကေအိုင်အေအဖွဲ့က လက်ရှိဖြစ်ပွားနေသောတိုက်ပွဲများကို ငြိမ်းစေပြီး နိုင်ငံရေးဆွေးနွေးမည့်ကိစ္စ အပါအဝင်ဒေသတည်ငြိမ်ရေး၊ တိုက်ပွဲများလျှော့ချရေး၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အားလုံးပါဝင်ရေးနှင့် ပင်လုံစာချုပ်ပင်လုံကတိကဝတ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်ဟု သိရသည်။

မြန်မာ့တပ်မတော်ဘက်ကမူ ကေအိုင်အေတပ်ရင်း ၀၄ ဌာနချုပ်အပါအဝင် ကေအိုင်အေတပ်စခန်းများ ဖယ်ရှားပေးရန်နှင့် အချို့သောကေအိုင်အေတပ်မဟာများ တည်ရှိမှုကို အသိအမှတ်မပြုနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်ဟု သိရသည်။

"တပ်နေရာ ပြောင်းရွှေ့ဖို့နဲ့ပတ်သက်လို့ ဆက်ပြီးဆွေးနွေးမှုတွေ လုပ်မယ်။ ဒုတိယက တပ်ရင်း ၀၄ ပြောင်းရွှေ့ဖို့က မရွှေ့ရင်လည်း ဘာမှမဖြစ်ဘူး။ တပ်မတော်နဲ့ကေအိုင်အေ/ကေအိုင်အို အချင်းချင်း နားလည်မှုရရင်တော့ တပ်ရွှေ့ဖို့မလိုဘူးလို့ မြင်တယ်။ အဲဒီလိုတွေ သူတို့နဲ့ဆွေးနွေးခဲ့တယ်။ နားလည်မှု တစ်ခုရရင်တော့ တပ်ရွှေ့ဖို့က မလိုဘူး၊ တိုက်ပွဲတွေလည်း လျှော့ချလာနိုင်မယ်"ဟုဗိုလ်မှူးကြီးနော်ဘူက ဆက်လက်ပြောသည်။

အဆိုပါ သီးခြားတွေ့ဆုံပွဲ ပြုလုပ်ပြီးနောက်ပိုင်းတွင် တပ်မတော်က ထိုးစစ်ဆင်ခြင်းများ မပြုလုပ်တော့ကြောင်း ဗိုလ်မှူးကြီးနော်ဘူက ထပ်မံပြောသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက် ကတိကဝတ်ပြုသည့် သဘောတူညီမှုတစ်စုံတရာမရရှိခဲ့သော်လည်း ထပ်မံတွေ့ဆုံ ဆွေးနွေးသွားကြရန် သဘောဆန္ဒများ ပေးခဲ့သည်ဟု သိရသည်။

လဖိုင်လု

# ပူတာအိုခရိုင် အင်ခါးဂါရွာခံ တပ်စခန်းနှင့် ကေအိုင်အေတို့ အချိန်တစ်နာရီကြာ တိုက်ပွဲဖြစ်

ဖေဖော်ဝါရီ ၁၃

ပူတာအိုခရိုင် အင်ခါးဂါရွာတွင် ဖေဖော်ဝါရီ ၁၀ ရက်က KIA နှင့် တပ်မတော်တို့ အချိန်တစ်နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကေအိုင်အေ တပ်ရင်း ၇ တပ်ဖွဲ့နှင့် အင်ခါးဂါးရွာမှ တပ်စခန်းရှိ တပ်ရင်း ၄၆၊ ၁၃၈၊ ၁၃၇ တပ်ပေါင်းစုတို့အကြား တိုက်ပွဲသည် ယခုလ ၁၀ ရက်နေ့လည် ၁၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ပွဲဖြစ်ပွားချိန် တစ်နာရီကြာမြင့်ခဲ့သည်ဟု သိရသည်။

"အင်ခါးဂါးရွာ အနီးတစ်ဝိုက်အပြင် မဆွမ်ဖွပ်၊ ဂုန်ခေူး၊ ဖာကန်ယန် စတဲ့နေရာတွေမှာ ဘိန်းခင်းတွေရှိတယ်ဆိုပြီး အထက်အမိန့်ရလို့ သွားတာ။ လမ်းမှာ တပ်မတော်တပ်နဲ့တွေ့ပြီး တပ်စခန်းမှာ တိုက်ပွဲတွေဖြစ်လာလို့ မဖျက်ဘဲပြန်လာခဲ့ရတယ်"ဟု ကေအိုင်အေရှေ့တန်းမှ အရာရှိတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ တိုက်ပွဲအတွင်း M-22 သေနတ် ၃ လက်၊ M-23 သေနတ် ၁ လက်နှင့် ပစ္စတို ၁လက်ကို ကေအိုင်အေတပ်ဖွဲ့က ရရှိခဲ့သည်ဟု အဆိုပါရှေ့တန်းအရာရှိက ပြောပြသည်။

"အခု သူတို့ရှိတဲ့နေရာတွေမှာ ဘိန်းခင်းတွေအများကြီး ရှိတယ်။ ကျွန်တော်တို့လည်း မရှင်းနိုင်ဘူး။ အထက် အမိန့်က ဘိန်းခင်းရှင်းရမယ်လို့ ဆက်တိုက်ပြောတော့ တိုက်ပွဲတွေဖြစ်တဲ့အချိန်မှာ တစ်ဘက်မှာ ထိုးစစ်လာသူတွေကို တိုက်ပွဲဝင်ရပြီး တစ်ဖက်မှာ ကချင်အမျိုးသားတွေရဲ့ ရန်သူဖြစ်တဲ့ ဘိန်းခင်းတွေ ဖျက်နေတာဖြစ်တယ်။ တတ်နိုင်သလောက်တော့ ဘိန်းခင်းတွေ ဖျက်ဆီးနေပါတယ်"ဟု ရှေ့တန်းမှ ကေအိုင်အေအရာရှိတစ်ဦးက ဆက်လက်ပြောသည်။

ပူတာအိုခရိုင်ရှိ အင်ခါးဂါးကျေးရွာသည် ကေအိုင်အို၏ ဖွံ့ဖြိုးရေးကျေးရွာတစ်ခုဖြစ်ပြီး ၂၀၁၃ ခုနှစ် ဝန်းကျင်ခန့်တွင် တပ်မတော်နှင့် ကေအိုင်အေ တပ်ဖွဲ့အကြား ဖြစ်ပွားသော တိုက်ပွဲကြောင့် ဒေသခံများ ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည့် ကျေးရွာဖြစ်သည်။

လဖိုင်လု






# နောင်တာလောတွင် သဲကျောက်လုပ်ငန်း ဖန်းပြ၍ ရွှေထုတ်ယူနေမှုကို တာဝန်ရှိသူများက စိစစ်ပေးရန် ကြန့်ကြာနေ

ဖေဖော်ဝါရီ ၁၂

ဝိုင်းမော်မြို့နယ်၊ နောင်တာလောကျေးရွာရှိ နယ်မြေ ၃ တွင် သဲကျောက်နှင့်ရွှေလုပ်ငန်းလုပ်ကိုင်နေခြင်းကြောင့် ထွက်ပေါ်လာသည့် ဆူညံသံများနှင့်စွန့်ပစ်ရေများသည်ဒေသခံများအား ထိခိုက်စေသောကြောင့် စစ်ဆေးပေးရန် တာဝန်ရှိသူများထံ တင်ပြထားသော်လည်း လာရောက်စစ်ဆေးမှုမရှိသေးကြောင်း ဒေသခံများက ပြောသည်။

အဆိုပါ သဲကျောက်နှင့်ရွှေလုပ်ငန်း လုပ်ကိုင်နေခြင်းကိုစစ်ဆေးပေးရန် ဒေသခံများက ဝိုင်းမော်မှပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားအပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံသို့ ဒီဇင်ဘာ ၂၈ ရက်က စာတင်ပြကာ အကြောင်းကြားခဲ့သည်ဟု သိရသည်။

"စာတင်ထားပေမယ့် ဘာမှ မထူးသေးဘူး။ သူတို့ လုပ်ငန်းလုပ်တဲ့နေရာနဲ့ ကျွန်တော့်အိမ်က ခြံပဲခြားတော့ အရမ်းဆူတယ်။ တစ်နေ့ကို သုံးနာရီလောက်လုပ်လိုက်၊ ပြန်ရပ်သွားလိုက် ပြန်လုပ်လိုက်နဲ့။ အဲဒီအနောက်က သိမ်ကြီးချောင်းလည်း နောက်နေပြီ"ဟု ဒေသခံဦးအောင်မောင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လုပ်ငန်းလုပ်ကိုင်ကြသူများသည် နောင်တာလောကျေးရွာရှိ နယ်မြေ ၃ တွင် သဲကျောက်လုပ်ငန်း လုပ်ကိုင်သည်ဟုဆိုသော်လည်း အမှန်တကယ်အားဖြင့် ရွှေလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ကြောင်း ဒေသခံဦးအောင်မောင်းက ဆက်လက်ရှင်းပြသည်။

"ဖန်းပြထားတာတော့ စကာကျောက်လုပ်ငန်းပေါ့။ စကာကျောက်ကို အောက်အထိ နှိုက်တယ်။ ရွှေက အောက်ကျောဘက်မှာ ပါတာကိုး။ ပြီးတော့ ကားတွေနဲ့ သယ်လာပြီး ဒီမှာ လာလုပ်တယ်။ ကုမ္ပဏီနာမည်က ဂုဏ်မြင့်မြတ်ထွန်းတဲ့။ လမ်းမကြီးနဲ့ ကိုက် ၅၀ လောက်ပဲ ကွာတယ်။ သူတို့လုပ်တာ ဒီတစ်ခုပဲ။ ကျန်တဲ့ဟာတွေတော့ သဲကျောက်ပဲ လုပ်ကြတာပါ"ဟု ဦးအောင်မောင်းက ပြောသည်။



ဓါတ်ပုံ - နောင်တာလောဒေသခံ

အဆိုပါ လုပ်ငန်းလုပ်ကိုင်နေမှုနှင့် ပတ်သက်၍ ယခင်က ဝိုင်းမော်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ကုမ္ပဏီတာဝန်ရှိသူတို့ တွေ့ဆုံစဉ်သတိပေးမှုများ ပြုလုပ်ခဲ့သဖြင့် လုပ်ငန်းလုပ်ဆောင်ခြင်းကို ၃ လခန့် ရပ်နားခဲ့သော်လည်း လက်ရှိအချိန်တွင် ပြန်လည်လုပ်ကိုင်နေခြင်း ဖြစ်သည်ဟု ဒေသခံများက ပြောသည်။

ထို့ကြောင့် သဲကျောက်အရောင်းအဝယ်ခေါင်းစဉ်ပြ၍ ရွှေလုပ်ငန်းလုပ်ကိုင်နေခြင်းမှ ထွက်ပေါ်လာသည့် အသံများနှင့် စွန့်ပစ်ရေများကြောင့် ဒေသခံများထိခိုက်နစ်နာရသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လာရောက်စစ်ဆေးပေးစေလိုသည်ဟု ဒေသခံများက ပြောသည်။

"ဒီဟာက တရားဝင်လားပေါ့။ လုပ်ငန်းလိုင်စင် လျှောက်ထားတာမှာတော့ ကျောက်သန့်စင် အလုပ်လို့ပြထားတာ။ ကျောက်သန့်စင်တာတော့ မှန်တယ်။ ဒါပေမယ့် အဲဒါအပြင် ရွှေကျင်တာတွေလည်း လုပ်နေတယ်။ ဒီကိစ္စကို သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ ဝန်ကြီးတွေအနေနဲ့ လာရောက်စစ်ဆေးဖြေရှင်းပေးစေချင်တယ်" ဟုဒေသခံ ဦးအောင်မောင်းက ပြောသည်။

အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်သွားရန်ရှိသည်ဟု ဝိုင်းမော်မြို့နယ်၊ အမှတ် ၂မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်က ပြောသည်။

"အခုက တောင်ကြီးပင်လုံကို ရောက်နေတာ။ ခရီးသွားနေရတော့ မလုပ်ဖြစ်သေးဘူး။ ဒါက တစ်ယောက်ထဲ လုပ်လို့ဖြစ်တဲ့အရာ မဟုတ်ဘူးလေ။ ခရီးကပြန်လာရင်တော့ အထက်ကိုဆက်သွယ်ပြီး ကွင်းဆင်း စစ်ဆေးတာတွေ လုပ်သွားမှာပါ"ဟု ဦးနော်လီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို့အပြင် နောင်တာလောကျေးရွာသည် အစိုးရ၏တရားဥပဒေစိုးမိုးသော နယ်မြေဧရိယာဖြစ်သည်အတွက် ပြည်သူများ အဆင်မပြေဖြစ်နေသည့် အရာများကို ကူညီလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဦးနော်လီက ထပ်မံပြောဆိုသည်။

"လုပ်ပေးရမှာပါ။ ပြည်သူနဲ့ အဆင်မပြေတာတွေ၊ တရားဥပဒေနဲ့ ဘောင်မဝင်တဲ့ဟာတွေကိုလုပ်ပေးရမှာပါ။ အစိုးရရဲ့တရားဥပဒေစိုးမိုးတဲ့ဧရိယာအတွင်းမှာတော့ ကျွန်တော်တို့က ပြောရမှာပေါ့။ အစိုးရဲ့ တရားဥပဒေ စိုးမိုးမှုအောက်မှ မရှိတဲ့နေရာဆိုရင်တော့ မတတ်နိုင်ဘူးလေ"ဟု ၎င်းက ထပ်မံပြောကြားသည်။

နောင်တာလော နယ်မြေ ၃ တွင်ဖြစ်ပွားနေသည့် ပြည်သူများ စာတင်အကြောင်းကြားထားသည့် ပြဿနာရပ်နှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးပေးရန် သယံဇာတဝန်ကြီးအား ဖုန်းဖြင့်ဆက်သွယ်ထားကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ လွှတ်တော်တွင် အဆိုတင်သွင်းရန် အစီအစဉ်မရှိသေးကြောင်း ဦးနော်လီကရှင်းပြသည်။

Salai



## Editorial အယ်ဒီတာ့အာဘော်

### အနာဂတ်မျိုးဆက်များ၏ လက်ရှိပစ္စုပ္ပန်

တာဝန်ယူမှု အားနည်းနေသေးသည့် အခမဲ့ပညာရေးစနစ်၏ မမျှတမှုကြောင့် ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသော နေ့ကလေးထိန်းကျောင်း၌ ကျောင်းအပ်နှံလိုသောမိဘများနှင့် နှစ်တိုင်းကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

ဖေဖော်ဝါရီလ ၁၀/၁၁ ရက်နေ့ခန့်တွင် ကောက်ယူမည့်အမည်စာရင်းတွင် မိမိတို့သားသမီးတို့၏ အမည်များပါဝင်ကာ မူကြိုကျောင်း တက်ခွင့်ရရေးအတွက် ၈ ရက်နေ့ညကတည်းက ကားလမ်းမဘေးတွင် နေ့ရောညပါ တန်းစီစောင့်ဆိုင်းခဲ့ကြရသည်။ တာဝန်ရှိဆရာမများက ထိုသို့မစောင့်ဆိုင်းကြရန်ပြောဆိုမှုများရှိသော်လည်း ထိုနေရာတွင် ရှောင်တခင်လာရောက်လူစစ်သည့်အခါ မရှိသူကို စာရင်းမှပယ်မည်ဟုလည်း ပြောပြန်သဖြင့် ထိုသို့စောင့်ဆိုင်းကြရခြင်းဖြစ်ကြောင်း ကျောင်းသားမိဘတစ်ဦးထံမှ သိရသည်။

ဆိုးလွန်းသည်က ထိုတန်းစီစောင့်ဆိုင်းသည့် နေရာတွင် ကြိုတင်နေရာယူထားပြီး နောက်လာသူများကို နေရာရောင်းစားနေကြခြင်းဖြစ်သည်။ လမ်းဘေးတွင် ညအိပ်စောင့်ဆိုင်းရန်အတွက်ပင် နေရာကို ငွေသောင်း ဂဏန်းပေး၍ ဝယ်ယူနေကြရသည်။ Serial နံပါတ်ပေါ်မူတည်ကာ နံပါတ်ရှေ့ရောက်လျှင် ရောက်သလို ငွေကျပ် တစ်သောင်းခွဲမှ သုံးသောင်းဈေးခေါ် ရောင်းစားနေကြခြင်း ဖြစ်သည်။

ထိုကျောင်းက ကျောင်းလခသက်သာခြင်း၊ နေ့လယ်စာထည့်ပေးရန် မလိုခြင်း၊ နေရာကျယ်ကျယ်ဝန်း ဝန်းရှိခြင်းတို့ကြောင့် ထိုကျောင်းသို့လာရောက်အပ်နှံကြသူအများစုမှာဝင်ငွေနည်းအခြေခံလူတန်းစားများဖြစ်သည်။ မိခင်ရော၊ ဖခင်ပါမအားမလပ်သည့် အောက်ခြေဝန်ထမ်းများ၊ လက်လုပ်လက်စားများ ပါဝင်သည်။ သို့သော်တက်ရောက်ခွင့်ရသူများထဲတွင် ထိုမိဘများ၏ သားသမီးအရေအတွက် နည်းသည်။

ထောင်နှင့်ချီသော FORM များအနက်မှ ကလေးအယောက် ၂၀၀ ခန့်ကို သာရွေးချယ်သဖြင့် နေရာဝယ်ကာ နှစ်ညအိပ်၊ သုံးညစောင့်ဆိုင်းရပြီး ကျောင်းတက်ခွင့်မရသော ကျောင်းသားမိဘများ ပေါက်ကွဲနေကြသည်။

ထိုမူလတန်းကြိုကျောင်းတွင် နှစ်စဉ်ဖြစ်ပျက်နေသော ဖြစ်စဉ်တစ်ခုဖြစ်သည့်တိုင် အစိုးရအနေဖြင့် ထိုပြဿနာကို ယနေ့ထက်ထိ မတို့မထိကြသေးပေ။ ထိုကျောင်းကို မည်သည့်အတွက် ကျောင်းသားမိဘများအပ် နှံချင်ကြတာလဲ၊ ဒီလိုကျောင်းမျိုး နောက်ထပ်ဖွင့်လှစ်လို့ မရနိုင်ဘူးလားဆိုသည့် မေးခွန်းအတွက် ပြည်နယ်အစိုးရနှစ်ဆက်လုံးက အဖြေရှာမကြည့်ခဲ့ကြဟု မြစ်ကြီးနားသတင်းဂျာနယ်က ယူဆပါသည်။

၎င်းတို့ကို ဆန္ဒမဲမပေးနိုင်သော ကျောင်းသားလေးများကို အစိုးရများက စိတ်ဝင်စားဟန်မတူ။ တိုင်းပြည်အပေါ် အမှန်တကယ်စေတနာထားသည့်အစိုးရများသည် အနာဂတ်မျိုးဆက်ကလေးများအတွက် သီးခြားဥပဒေများဖြင့်ကာကွယ်စောင့်ရှောက်ကြသည်။

တိုးတက်သော အနာဂတ် ကမ္ဘာဖြစ်ဖို့ဆိုလျှင် လက်ရှိပစ္စုပ္ပန်ကာလကလေးလူငယ်များ၏ ပတ်ဝန်းကျင်ကို မြှင့်တင်ဖို့လိုအပ်ပါသည်။ နောင်တစ်ချိန်တွင် မိမိတို့ဒေသဖွံ့ဖြိုးရေးက အမွေဆက်ခံမည့် မျိုးဆက်သစ်တို့၏ အရည်အချင်းနှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။

လူငယ်များ၏ ဘဝတိုးတက်ရေးအတွက် ကလေးဘဝမှစတင် အခြေတည်ပေးရန် လိုအပ်သည်ဖြစ်၍ စိတ်ထားနူးညံ့ပျော့ပြောင်းပြီး လိမ္မာရေးခြားရှိသော ကလေးငယ်များဖြစ်အောင် မိဘများကလည်း အိမ်မှာကတည်းက အကြောင်းအကျိုးဆီလျော်စွာ သင်ကြားသွန်သင်တတ်အောင် ကြိုးပမ်းခြင်းဖြင့် ကလေးများ၏ ကာယ၊ ဉာဏစာရိတ္တအရည် အသွေးများပြည့်မီအောင် လုပ်ဆောင်ပေးရန်လိုပါမည်။

သို့မှသာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ပြီး အရာရာကိုဝေဖန်ပိုင်းခြားဆန်းစစ်နိုင်သော နိုင်ငံသားများနှင့် ဖွဲ့စည်းထားသည့် လူ့ပတ်ဝန်းကျင်တစ်ရပ် ပေါ်ထွန်းလာမည်ဖြစ်၍ မိဘနှင့်ဆရာ၊ အစိုးရနှင့်ပြည်သူတို့ ပူးပေါင်းကာ ကလေးများကို ငယ်စဉ်ကတည်းက တန်ဖိုးထားကြရန် အရေးကြီးလှပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်

# ဆေးယဉ်ပါး TB ရောဂါ လျှော့နည်းကျဆင်းရေး လူထုလှုပ်ရှားမှု စတင်

## မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားအဆင့် ဆေးယဉ်ပါးတီဘီရောဂါဆိုင်ရာ လူထုလှုံ့ဆော်လှုပ်ရှားမှု လုပ်ငန်းစတင်မှုအကြောင်း သတင်းထုတ်ပြန်ချက်

"ဒီရောဂါကြောင့် ကျွန်မ သေတော့မလိုအထိ ခံစားခဲ့ရပါတယ်"ဟု အစချီထားသော ဆေးယဉ်ပါး တီဘီလူနာတစ်ယောက် ကိုယ်တိုင်ပြောကြားထားသည့် သက်သေခံချက်သည် ဆေးယဉ်ပါးတီဘီရောဂါရဲ့ အန္တရာယ်၊ ရောဂါရှာဖွေစစ်ဆေးမှု ခံယူရန်နေရာ၊ ရရှိနိုင်သော ဆေးကုသမှုများနှင့် တီဘီရောဂါ ကူးစက်မခံရအောင် မည်သို့ရှောင်ရှားရမည်ကို ထိရောက်စွာ သတိပေးနေပါသည်။

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် ဆေးယဉ်ပါးတီဘီရောဂါ အန္တရာယ်များကို သတိပေးသည့် အမျိုးသားအဆင့်လူထုလှုံ့ဆော်လှုပ်ရှားမှု အစီအစဉ်တစ်ရပ်ကို ယနေ့စတင်လိုက်ပြီဖြစ်ပါသည်။

ဆေးယဉ်ပါးတီဘီရောဂါ အမှန်တကယ်ဖြစ်ခဲ့ဖူးသူ မစံပါယ်ဖြူကိုယ်တိုင် ဆေးယဉ်ပါးတီဘီဖြစ်ပွားစဉ်က သူမတွေ့ကြုံခံစားရမှုများနှင့် ပြန်လည်ကျန်းမာလာစေရန် ရင်ဆိုင်ကျော်လွှားခဲ့ရပုံများကို မစံပါယ်အမည်ဖြင့် အသိပညာပေးမှုများတွင် ပါဝင်ပြောကြားပေးထားသည့် ယခုလူထုလှုံ့ဆော်လှုပ်ရှားမှုသည် မြန်မာနိုင်ငံ၏ ဆေးယဉ်ပါးတီဘီရောဂါ အသိပညာပေး လှုပ်ရှားမှုများအနက် ပထမဦးဆုံး အမျိုးသားအဆင့် လှုပ်ရှားမှုတစ်ရပ်ဖြစ်နိုင်ပါသည်။

မစံပါယ်က ဆေးယဉ်ပါး တီဘီကူးစက်မှုအန္တရာယ်ကို လျှော့ချနိုင်ရန် လိုက်နာရမည့် အချက်များကိုလည်း ပြောပြပေးထားပါသည်။

လိုက်နာရမည့် အချက်များတွင် နှစ်ပတ်ထက်ပို ချောင်းဆိုးခြင်း၊ ကိုယ်အလေးချိန် ကျဆင်းခြင်း သို့မဟုတ် တငွေ့ငွေ့ဖျားခြင်း စသောတီဘီရောဂါလက္ခဏာများ တွေ့ရသည်နှင့် သွားရောက် စစ်ဆေးမှုခံယူရန် ဟူသည့် အချက်ပါဝင်ပါသည်။

တီဘီရောဂါတွေ့ရှိရပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က အသိအမှတ်ပြုထားပြီး နိုင်ငံတစ်ဝှမ်းရှိ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း၏ ဆေးရုံဆေးခန်းများတွင် အခမဲ့ရယူနိုင်သော တီဘီရောဂါကု ဆေးဝါးများကို စနစ်တကျမှန်ကန်စွာ သောက်သုံးရန် အရေးကြီးလှပါသည်။

လေမှတစ်ဆင့် ကူးစက်တတ်သော တီဘီရောဂါကို နှာချေ၊ ချောင်းဆိုးတိုင်း စနစ်တကျဖုံးအုပ်ဆိုးခြင်းဖြင့် ရောဂါပိုး ပြင်ပသို့ပျံ့နှံ့ကူးစက်ခြင်းများကို လျော့ကျစေကြောင်း လူထုလှုံ့ဆော်လှုပ်ရှားမှု အစီအစဉ်၏ အသိပေးရှင်းလင်းပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားပေးသော ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၏ သဝဏ်လွှာကိုကိုးကား၍ ပြောကြားသွားခဲ့ပါသည်။

ဆက်လက်၍ "တီဘီရောဂါကုသမှုကို အချိန်ကာလအပြည့်မခံယူခြင်း၊ ဆေးများကို ညွှန်ကြားထားသည့်အတိုင်း မှန်မှန်ကန်ကန် မသောက်ခြင်း၊ အရည်အသွေး မပြည့်မီသော ဆေးဝါးများ အသုံးပြုခြင်း၊ ဆေးကုထုံးမှားယွင်းခြင်း စတဲ့ အချက်များကြောင့် တီဘီရောဂါကုဆေးများကို တီဘီပိုးမှ ယဉ်ပါးသွားပြီး ဆေးယဉ်ပါးတီဘီ ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် ကျန်းမာရေးအသိပညာတွေကို ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိအောင် ယခုလိုမျိုး ပညာပေးလှုံ့ဆော်လှုပ်ရှားမှု အစီအစဉ်တွေများစွာ လိုအပ်လျက်ရှိပါတယ်။"

အဆိုပါ ကြော်ငြာများကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုများ၊ မီဒီယာများမှ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ယခု လူထုလှုံ့ဆော်လှုပ်ရှားမှု အစီအစဉ်တွင် လူထုအခြေပြု ဆေးယဉ်ပါးတီဘီဆိုင်ရာ ကြော်ငြာများကို မြန်မာနိုင်ငံတစ်ဝှမ်း၊ မြို့နယ် ၁၀ မြို့နယ်ရှိ မင်္ဂလာရုံ အပါအဝင် စပ်ဆက်ရုပ်ရှင်ရုံ (၂၂)ရုံတွင် ပြသခြင်းလည်း ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ကျန်းမာရေးဌာနများတွင် ဆိုင်းဘုတ်ပေါင်း ၃၀၀ ခု စိုက်ထူခြင်း၊ ပိုစတာပေါင်း ၃၀၀၀၀ ဖြန့်ချိခြင်းနှင့် လက်ကမ်းစာစောင်ပေါင်း ၁၅၀၀၀၀ ရွက် ဖြန့်ဝေခြင်းများလည်း ပြုလုပ်သွားမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ တီဘီရောဂါဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် NGO အဖွဲ့အစည်းများမှ သင်တန်းများပို့ချရာတွင် အသုံးပြုနိုင်ရန် ဆေးယဉ်ပါးတီဘီ လူနာများ၏ ဖြစ်ရပ်မှန်များကို ရိုက်ကူးထားသော ပြည်သူအခြေပြုရုပ်သံမှတ်တမ်းများကိုလည်း ဖြန့်ချိပေးသွားမည် ဖြစ်ပါသည်။




မြန်မာနိုင်ငံအတွင်း တီဘီရောဂါဆိုင်ရာ ဗဟုသုတနှင့် သဘောထားများကို ဖော်ထုတ်သည့် စိစစ်မှုတစ်ခု ပြုလုပ်ခဲ့ပြီး နောက်ဆက်တွဲအဖြစ် ယခုအမျိုးသားအဆင့် ဆေးယဉ်ပါးတီဘီ လူထုလှုံ့ဆော်လှုပ်ရှားမှုကိုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့ကြီးများရှိ တီဘီရောဂါဆိုင်ရာ လုပ်ငန်းများတွင် အဓိကဆက်နွယ်ပတ်သက်နေသူများနှင့် တီဘီရောဂါဆိုင်ရာ နည်းဗျူဟာများ၊ ဖြေရှင်းရန်လိုအပ်သော အရေးကြီးပြဿနာများကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

ဆွေးနွေးမှုများကို အခြေခံ ကျန်းမာရေး လုပ်သားများ၊ တီဘီနှင့် ဆေးယဉ်ပါးတီဘီ ရောဂါလူနာများကို တိုက်ရိုက်ကြည့်ရှု ဆေးတိုက်ကျွေးသူများ၊ ဆေးယဉ်ပါးတီဘီ လူနာများနှင့် အခြားရောဂါဖြစ်နိုင်ချေမြင့်မားသော ပြည်သူအစုအဖွဲ့များနှင့်လည်း ပြုလုပ်ခဲ့ကြပါသည်။

စိစစ်မှု၏ တွေ့ရှိချက်များအရ အချို့လူနာများနှင့် တီဘီရောဂါ ဖြစ်နိုင်ချေမြင့်မားသူအစုအဖွဲ့တွင် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍနှင့် ပတ်သက်၍ အသိအားနည်းမှုရှိနေခြင်း၊ တီဘီရောဂါဆိုင်ရာ အသိပညာဗဟုသုတနှင့် ခံယူချက်များ၊ ရောဂါကာကွယ်ခြင်းဆိုင်ရာ အလေ့အထများ အားနည်းမှု ရှိနေခြင်းတို့ကို သိရှိခဲ့ရပါသည်။

ခွဲခြားနှိမ်ချဆက်ဆံခြင်းကလည်း ကျန်းမာရေးစောင့်ရှောက်မှုရယူခြင်းနှင့် ကုသမှုကို ပြီးဆုံးအောင် စနစ်တကျခံယူခြင်းတို့ကို နှောင့်နှေးစေပြီး တီဘီရောဂါ ကာကွယ်ခြင်းဆိုင်ရာ အမူအကျင့် ပြောင်းလဲရေးတွင်လည်း အဟန့်အတားဖြစ်စေပါသည်။

ယခု လူထုလှုံ့ဆော်လှုပ်ရှားမှုလုပ်ငန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဆောင်ရွက်ခြင်းဖြစ်ပြီး၊ နည်းပညာဆိုင်ရာနှင့် ရန်ပုံငွေကို INGO အဖွဲ့အစည်းတစ်ခုဖြစ်သော FHI 360 အဖွဲ့က ဆောင်ရွက်လျက်ရှိသည့် USAID Challenge TB စီမံချက်မှ ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။

လူထုလှုံ့ဆော်လှုပ်ရှားမှုလုပ်ငန်းတွင် သတင်းအချက်အလက်ဒီဇိုင်းကို အထောက်အထားအခြေခံသော ပုံစံ (Evidence Based Approach) ကိုအသုံးပြုထားပြီး ရန်ကုန်နှင့် နေပြည်တော်တွင် အများပြည်သူတို့နှင့် အစမ်းစစ်ဆေးခြင်း ပြုလုပ်ထားသော သတင်းအချက်အလက်ပုံစံများကို လှုံ့ဆော်လှုပ်ရှားမှုများတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

လူထုလှုံ့ဆော်လှုပ်ရှားမှု၏ အချောသတ်ပုံစံကို နိုင်ငံအတွင်းရှိ တီဘီရောဂါဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်နေသော ဆက်နွယ်ပတ်သက်သူများနှင့် ၂၀၁၇ ခုနှစ်က နေပြည်တော်တွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ် မတ်လတွင် လှုံ့ဆော်လှုပ်ရှားမှုလုပ်ငန်းများ ပြီးဆုံးသည့်အခါ တွေ့ရှိချက်များကို အကဲဖြတ်သုံးသပ်နိုင်ရန်လည်း အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းကို Challenge TB Project၊ FHI 360 မှ နည်းပညာဆိုင်ရာပံ့ပိုးမှုများ ထပ်မံပေးသွားမည်ဖြစ်ပါသည်။

FHI360 Country Director ဒေါက်တာဆောင်းဦးဇာနည်က "အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းက ပြုလုပ်တဲ့ ဆေးယဉ်ပါးတီဘီဆိုင်ရာ လူထုလှုံ့ဆော်လှုပ်ရှားမှုဟာ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ အမျိုးသားမဟာဗျူဟာစီမံကိန်း၊ ကမ္ဘာ့တီဘီရောဂါဆိုင်ရာနည်းဗျူဟာများ၊ United Nations' Sustainable Development Goals များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ End TB Strategy တို့ရဲ့ ကမ္ဘာ့တီဘီရောဂါကပ်ဘေးကို အဆုံးသတ်ရေးဆိုတဲ့ ဘုံရည်မှန်းချက်ကို ရောက်ရှိရန် မြန်မာနိုင်ငံမှာလည်း တီဘီရောဂါကာကွယ်ကုသရေး လုပ်ငန်းတွေမှာ သက်သေအထောက်အထားအခြေခံတဲ့ အကောင်းဆုံးနည်းလမ်း၊ ချဉ်းကပ်မှုပုံစံများကို အသုံးပြုလာပြီဆိုတာကို သိသာစေပါတယ်။"

မြန်မာနိုင်ငံသည် တီဘီရောဂါ အဖြစ်အများဆုံးနှင့် တီဘီအိပ်ချ်အိုင်ဗွီရောဂါ အဖြစ်အများဆုံးနိုင်ငံပေါင်း(၃၀)တွင်ပါဝင်ကာ တီဘီရောဂါကို အမျိုးသား ကျန်းမာရေးစီမံကိန်းတွင် ဦးစားပေးတိုက်ဖျက်ရမည့်ရောဂါအဖြစ် သတ်မှတ်ထားပါသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၆ ခုနှစ်တွင် တီဘီရောဂါဝေဒနာရှင် ၄၂၇၇၇ ဦးဖြစ်ပွားပြီး မြန်မာတစ်နိုင်ငံလုံး၏ ၂၄ ရာခိုင်နှုန်း ရှိပါသည်။

ဆေးယဉ်ပါး တီဘီရောဂါသည် တိုင်းပြည်အတွင်းနှစ်စဉ်လူပေါင်းများစွာ ဖြစ်ပွားခံစားရလျက်ရှိသော ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ပြီး ပြင်းထန်ဆေးယဉ်ပါးတီဘီလူနာအချို့လည်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

သုတေသနတွေ့ရှိချက်များအရ တီဘီရောဂါဆိုင်ရာ အသိပညာနည်းပါးမှုသည် ရောဂါကုထုံးများကို သေချာလိုက်နာမှုမရှိခြင်း၊ ကုသမှုရလဒ်များမကောင်းခြင်းစသော နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေး စီမံကိန်းအရ ဦးစားပေးရောဂါ သုံးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သော တီဘီရောဂါဆိုင်ရာ အသိမြင့်တင်ခြင်းသည် စီမံကိန်းလုပ်ငန်းများ အောင်မြင်မှုအတွက် အလွန်အရေးပါလှပါသည်။ ■

# ပူတာအိုနှင့် မချမ်းဘောတွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရန် ပြည်နယ်လွှတ်တော်က အတည်ပြု

ဖေဖော်ဝါရီ ၁၀

ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တွင်လိုအပ်သောလျှပ်စစ်ဓါတ်အားကို မူလာချောင်းမှ ထုတ်ယူနိုင်ရန်အတွက် ရေအားလျှပ်စစ် စက်ရုံ တည်ဆောက်ပေးရန် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်နယ်လွှတ်တော်က အတည်ပြုပေးခဲ့သည်။

ယင်းအဆိုကို ပူတာအိုမြို့နယ်အမှတ် ၂မဲဆန္ဒနယ်မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒိန်ခန်ဖုန်(ခ)ခန်လင်က ဖေဖော်ဝါရီလ ၉ ရက်တွင် ပြုလုပ်သည့် ဒုတိယအကြိမ်ကချင်ပြည်နယ်လွှတ်တော် စတုတ္ထနေ့တွင် အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။

"မူတာချောင်းကနေ ရေအားလျှပ်စစ် ထုတ်မယ်ဆိုရင် ၇ ဒသမ ၉ မဂ္ဂါဝပ်လောက် ရနိုင်မယ်လို့ တိုင်းတာရရှိထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ပူတာအိုနဲ့ မချမ်းဘောမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး ရေအားလျှပ်စစ်ပေးနိုင်ဖို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန်သာ လိုအပ်ကြောင်းတင်ပြလိုပါတယ်"ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒိန်ခန်ဖုန်က လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သည်။

ထို့အပြင် ဒေသတစ်ခုဖွံ့ဖြိုးရန်အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ပူတာအိုနှင့် မချမ်းဘောမြို့နယ်အတွက် လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ပေးစေလိုကြောင်း ဦးဒိန်ခန်ဖုန်က ဆက်လက်ပြောကြားခဲ့သည်။

"ဒီကဏ္ဍနှစ်ခု ပြည့်စုံရင် အခြားကဏ္ဍများဟာ အလိုအလျောက်လိုက်လာမှာ ဖြစ်ပါတယ်။ တောင်ပေါ်ဒေသက ပြည်သူများဟာ ထင်းမီးကိုအသုံးပြုပြီး ချက်ပြုတ်စားသောက်ခြင်း၊ မီးလှုံခြင်းတွေပြုလုပ်နေတာကြောင့်ပတ်ဝန်းကျင် သစ်တောတွေလည်း တိမ်ကောလာပါတယ်။ ဒေသရဲ့ လျှပ်စစ်လိုအပ်ချက်ကို ဖြေရှင်းနိုင်မှ သဘာဝပတ်ဝန်းကျင်ကိုလည်းထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်"ဟု ဦးဒိန်ခန်ဖုန်က ၎င်းတင်သွင်းသည့်အဆိုတွင် ထိုကဲ့သို့ ဖြည့်သွင်းပြောကြားခဲ့သည်။

ယင်းအဆိုကို လွှတ်တော်အစည်းအဝေး(ပဥ္စမနေ့)တွင် လီဆူတိုင်းရင်းသားရေးရာဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်နှင့် ပူတာအိုမြို့နယ် အမှတ် ၁ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂ ဦးတို့က ထောက်ခံကြောင်း ဆွေးနွေးခဲ့ကြသည်။


အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် ဦးဒိန်ခန်ဖုန်အား တွေ့ရစဉ်    ဓါတ်ပုံ - Salai

ဦးဒိန်ခန်ဖုန် တင်သွင်းသည့် အထက်ပါအဆိုနှင့် ပတ်သက်၍ လာမည့်ပွင့်လင်းရာသီတွင် ပူတာအိုမြို့ရှိ အထက်နမ့်ထွမ်ရေအားလျှပ်စစ်မှ ပူတာအိုဒေသတစ်ခုလုံးကို လျှပ်စစ်မီးရရှိရန် စီမံဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ထိုအဆိုအား ထောက်ခံကြောင်းနှင့် လွှတ်တော်တွင်မှတ်တမ်းတင်ပေးရန် သက်ဆိုင်ရာလမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးဌာနက ပြန်လည်ပြောကြားခဲ့သည်။

သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ရှင်းလင်းမှုအပေါ် အဆိုရှင် ဦးဒိန်ခန်ဖုန်က "ပူတာအိုခရိုင်က ပြည်သူလူထုအတွက် အမှန်တကယ် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားဟာ လက်ရှိဆောင်ရွက်နေတဲ့ဟာတွေနဲ့ မလုံလောက်တာကြောင့် အခုလိုအဆိုတင်ရတာ ဖြစ်ပါတယ်။ လွှတ်တော်မှာ မှတ်တမ်းတင်ရုံနဲ့တော့မဖြစ်တာကြောင့် လွှတ်တော်ရဲ့ သဘောထားဆန္ဒကို ရယူချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ကြောင့် အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၅၀ ဦးဖြင့် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၃၄ မဲ၊ ကန့်ကွက်မဲ ၁၃ မဲ နှင့် ကြားနေမဲ ၂မဲ အပြင် ပယ်မဲ ၁ မဲ ရရှိပြီး အနိုင်ရရှိခဲ့သည့်အတွက် လွှတ်တော်က အတည်ပြုပေးခဲ့သည်။

ပူတာအိုမြို့နှင့် မချမ်းဘောမြို့သည် ၁၀ မိုင်ခန့် ကွာဝေးပြီး ပူတာအိုမြို့နယ်ကို မြို့ပေါ်ရပ်ကွက် ၁၀ ခု၊ ကျေးရွာအုပ်စု ၁၄ အုပ်စု ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Salai

# နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ဖားကန့်ဒေသအတွင်း လျှပ်စစ်မီးရရှိရန် လုပ်ဆောင်ပေးမှု ကြန့်ကြာနေခြင်းဖြစ်သည်

ဖေဖော်ဝါရီ ၁၂

ဖားကန့်ဒေသအတွင်း လျှပ်စစ်မီးရရှိနိုင်ရန် နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ပင်မလျှပ်စစ်ဓါတ်အားလိုင်း မှ လိုင်းဆွဲမှုများ ပြုလုပ်ပေးနေသော်လည်း နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် အချိန်ကြန့်ကြာနေခြင်းဖြစ်ကြောင်း သိရသည်။

ဖားကန့်မြို့နှင့် လုံးခင်း၊ ဆိုင်းတောင် စသည့်ကျေးရွာများတွင် ပင်မဓါတ်အားပေးစက်ရုံများနှင့် ဓါတ်တိုင်များကို စိုက်ထူထားလျက်ရှိပြီး ၂၀၁၇ ခုနှစ်ဒီဇင်ဘာလတွင်ထိုဒေသများသို့ လျှပ်စစ်မီးပေးနိုင်ရန် ခန့်မှန်းထားသော်လည်း အထက်ပါအခြေအနေကြောင့် လအနည်းငယ် ထပ်မံကြာမြင့်ဦးမည်ဖြစ်ကြောင်း ဖားကန့်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်စိုးကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အစပိုင်းကတော့ ၁၂ လပိုင်းမှာရမယ်လို့ ပြောထားတယ်။ အဓိက အခက်အခဲက လုံခြုံရေးအခက်အခဲပဲ။ တိုက်ပွဲက ခဏခဏဖြစ်နေတဲ့ အခါကျတော့ အခုထက်ထိ မပြီးနိုင်သေးဘူးဖြစ်နေတယ်"ဟု ဦးတင့်စိုးက ရှင်းပြသည်။

အထက်ပါ စီမံကိန်းသည် လွန်ခဲ့သည့် ၂ နှစ်ခန့်ကတည်းက ပြီးစီးခဲ့သော်လည်း လျှပ်စစ်ဓါတ်အားလိုင်းဆွဲမည့် ၆၆ KV ပို့အားလိုင်းမှာ တောတောင်များကို ကျော်ဖြတ်ကာ ချိတ်ဆက်ဆွဲရမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ကြန့်ကြာရခြင်းဖြစ်ကြောင်း သိရသည်။

"တောင်တွေတောင်တွေကြားဖြတ်ပြီး သွားရတဲ့အခါကျတော့ ဓါတ်တိုင်တွေကို ဆင်နဲ့လည်း ဆွဲရတယ်။ လူတွေနဲ့လည်း လုပ်ရတယ်။ ဒီလို စက်ယန္တရားတွေနဲ့လည်း လုပ်တာနည်းတဲ့အခါကျတော့ ကြာသွားတာပေါ့။ အခုတောင်တော်တော်လေး နောက်ကျနေပါပြီ"ဟု ဦးတင့်စိုးကဆက်လက်ပြောသည်။

ဖားကန့်မြို့နယ်တွင် လျှပ်စစ်မီးဖြန့်ဖြူးပေးနေသည့် ပုဂ္ဂလိကကုမ္ပဏီ ၃ ခု ရှိပြီး ထိုကုမ္ပဏီများက မီတာ တစ်ယူနစ် လျှင် ၈၀၀ ကျပ်မှ ၉၀၀ ကျပ်အထိ ကောက်ခံကာ လျှပ်စစ်မီးကို ညစဉ်ညနေ ၆ နာရီမှ ၁၂ အထိ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

"မီတာက တစ်ယူနစ် ၈၀၀ ဆိုတော့ နည်းတဲ့ငွေမဟုတ်ဘူး။ နည်းနည်းလေး သုံးရင်တောင် မီတာခကအများကြီးကျတယ်။ ဒီမှာ လျှပ်စစ်မီးကအမြန်ရမှုကို ဖြစ်မှာ။ မဟုတ်ရင် တစ်လတစ်လ ဆောင်ရတဲ့ မီတာခက မလွယ်ဘူး"ဟု ဆိုင်းတောင်ကျေးရွာနေ ဒေသခံကိုလမင်းဦးက ပြောသည်။

ဖားကန့်ဒေသတွင် လက်ရှိ လျှပ်စစ်မီးဖြန့်ဖြူးနေသော ပုဂ္ဂလိကကုမ္ပဏီဖြစ်သည့် ဆိုင်းမိုင်၊ ရှယ်ဖန်မလီနှင့်လဂရောင်းတို့မှာ နိုင်ငံတော်အစိုးရကဖြန့်ဝေပေးသည့်လျှပ်စစ်မီးရရှိပါက ယင်းတို့နှင့်ပူးပေါင်းလုပ်ဆောင်သွားရန် ဆန္ဒရှိနေကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# တာလောကြီးကျေးရွာအတွင်း ငှက်ပျောနှင့်ဖရဲ ဝင်ရောက်စိုက်ပျိုးနေသည့် တရုတ်ကုမ္ပဏီသုံးခုကို ဒေသခံများကန့်ကွက်

ဖေဖော်ဝါရီ ၁၂

မြစ်ကြီးနားမြို့နယ်ရှိ တာလောကြီးကျေးရွာတွင် ငှက်ပျောနှင့်ဖရဲ စိုက်ပျိုးလုပ်ကိုင်နေသည့် တရုတ်ကုမ္ပဏီ ၃ ခုအား စိုက်ခင်းများဆက်လက်လုပ်ဆောင်ခြင်း မပြုလုပ်ရန် ဒေသခံတောင်သူ ၅၀ ခန့်က ယခုလ ၈ ရက်နေ့တွင် သွားရောက်ကန့်ကွက်ခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ ဒေသခံတောင်သူတွေကတော့ အခုလိုဒေသတွင်းလာပြီး ငှက်ပျောတို့ဖရဲတို့ကို သူတို့လာစိုက်နေတာ လုံးဝသဘောမတူနိုင်ဘူး။ သူတို့ရဲ့လုပ်ငန်းက ဒေသခံပြည်သူတွေကိုသာမက ကျွဲနွား တိရစ္ဆာန်တွေအတွက်ပါ အကျိုးမရှိတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ဆက်လက်မလုပ်ဆောင် စေချင်ပါဘူး"ဟု ကန့်ကွက်သူများကို ဦးဆောင်သောဦးသိန်းထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

တာလောကြီးကျေးရွာ ဒေသခံများအနေဖြင့် ထိုသို့သွားရောက်ကန့်ကွက်မည့် အကြောင်းကိုတာလောကြီးကျေးရွာအုပ်ချုပ်ရေးမှူးထံအသိပေး အကြောင်းကြားထားသည်ဟု ပြောပြသည်။

ထို့ကြောင့် တာလောကြီးကျေးရွာအုပ်ချုပ်ရေးမှူးက အဆိုပါ တရုတ်ကုမ္ပဏီမှ တာဝန်ခံဦးလန်ချန်းနှင့် စကားပြန်ဦးတင်မောင်တို့နှစ်ဦးအား အုပ်ချုပ်ရေးမှူးရုံးသို့ခေါ်ယူ၍ အထက်မှ အမိန့်တစ်စုံတစ်ရာမရရှိပဲ လုပ်ငန်းဆက်လက် မလုပ်ဆောင်ကြရန် သတိပေးခဲ့ကြောင်း သိရသည်။

"ခွင့်ပြုချက်မရဘဲ ဘာကြောင့် ဆက်လက်လုပ်ဆောင်နေတာလဲလို့ အုပ်ချုပ်ရေးမှူးကို မေးလိုက်တယ်။ သူတို့က တောင်သူတွေအနေနဲ့ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးစေချင်လဲလို့ ပြန်မေးတယ်။ ဒါကြောင့် ဆက်လက်မလုပ်ဆောင်ဘူးဆိုတဲ့ ဝန်ခံလက်မှတ်ရေးထိုးပေးလို့ ပြောလိုက်တယ်။ သူတို့ထိုးပေးခဲ့ပါတယ်" ဟု ဦးသိန်းထွန်းက ပြောသည်။

တာလောကြီးကျေးရွာအုပ်ချုပ်ရေးမှူး၏ ခေါ်ယူသတိပေးမှုကြောင့် ဖရဲနှင့်ငှက်ပျော စိုက်ခင်း လုပ်ကိုင်နေသည့် ကုမ္ပဏီမှ တာဝန်ခံနှစ်ဦးက စိုက်ခင်းများကို ဆက်လက်မလုပ်ဆောင်ဘဲ ရပ်နားထားမည်ဖြစ်ကြောင်း သဘောတူလက်မှတ်ကို ဒေသခံတောင်သူများရှေ့တွင် ရေးထိုးခဲ့သည်ဟု သိရသည်။

အဆိုပါ ငှက်ပျောနှင့်ဖရဲ စိုက်ပျိုးနေသည့် စိုက်ခင်းမြေများသည်ပြည်ထောင်စုအစိုးရအဖွဲ့က တောင်သူများအတွက် ချပေးထားသည့်မြေများ ဖြစ်ပြီး ထိုမြေများပေါ်တွင် တရုတ်ကုမ္ပဏီများဖြစ်သည့် စင်ကြိုင်၊ ဆွတ်ဘွမ်၊မြစိမ်းရတနာရောင်အစရှိသောကုမ္ပဏီများက ဝင်ရောက်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

မွန်းမွန်းပန်




မြစ်ကြီးနား
မနက်မိုးလင်းတဲ့အခါ
ရှူနေရတဲ့လေမှာ
ကိုယ့်အသက်ဓာတ်ပါသလား
ကိုယ့်ခေါင်းကို အခါခါ
ပြန်စမ်းနေရတယ်။

ငှါးသူငယ်ချင်းကပြောသလို
သူ့နှမလင်နောက်လိုက်လို့
ပြေးလွှားနေရသလိုမျိုး။

ကားတွေလူတွေ
မော်တော်ဆိုင်ကယ်တွေ
စက်တပ်ယာဉ်တွေ
ဘယ်တော့မှ
မယဉ်ကျေးတဲ့မြို့

လာမလည်ချင်စမ်းပါနဲ့
ဝရဲမှာဝဋ်ခံနေရသလို
ဘာမှမဖြစ်ရင်
ဘာမှမဖြစ်တဲ့မြို့ကြီးမှာ
ညှော်ဝတ်မကျေမှာစိုးပါတယ်
သေမင်းခံတွင်းဝက
လူတွေဟာ
ငါတို့မြို့သူမြို့သားတွေပဲ
သူငယ်ချင်း
ပြောလက်စစကားတွေ
မကုန်ဆုံးမီ
ရွာနေတဲ့မိုးတို့ မတိတ်မီ
ဈေးခြင်းတောင်းကို မဖွင့်မီ
အိမ်ရှေ့တံခါးကို မဖွင့်မီ
ကျောင်းတံခါးဝမရောက်မီ
လမ်းဖြတ်မကူးမီ
နောက်ကျောကို
ထောက်ထားတဲ့ဓားတွေ
မျက်နှာကိုဖြတ်ခုတ်လာတဲ့
ဓါးတွေ
ခင်ဗျားပိုက်ထဲ
အူဘယ်နှခွေရှိမလဲ
ဓားတွေဟာ
ခွဲစိတ်ခန်းမရောက်မီ
ဖွင့်ဆိုပါလိမ့်မယ်။

အမြန်လမ်းမကြီးပေါ်မှာ
မမြန်ချင်စမ်းပါနဲ့
ခေတ်ကာလက
ဝန်ကတော်လည်း
ကာယအိုမြေ
ပျက်သွားနိုင်ပါတယ်။

မယုံဘူးလား
မြစ်ကြီးနားမှာ
ခင်ဗျားဖျားသွားနိုင်ပါတယ်။
ပုဆိုးလှန် ဖင်ဆွဲပြခံနေရတဲ့
တရားဥပဒေစိုးမိုးရေးဟာ
ဘယ်တော့မှ နာလန်မထူနိုင်
တော့မယ့် တောရပ်
မြို့ပြဆန်ချင်ပြီး မြို့ပြမဆန်
တတ်တဲ့မြို့
မြို့ခံကိုလည်း အားနာတယ်။
မိတ်ဆွေကိုလည်း
အားနာတယ်
ငြိမ်းချမ်းရေးစကားဝိုင်းတွေ
လည်း အားနာတယ်
ဟော့ဒီမြို့ကြီးပြကြီးရဲ့
ရှက်ကြောပြတ်နေတဲ့
မိန်းမပျက်ဟာ
တရားဥပဒေစိုးမိုးရေးပဲ

မယုံဘူးလား
နေ့ခင်းကြောင်တောင်မှာ
ဒီမြို့ပြရဲ့
ညနက်သန်းခေါင်မှာ
လုံခြုံရေးမပါဘဲ လမ်းသလား
ကြည့်နိုင်ပါတယ်။

* * *

၁။

အဲဒီလိုတုတ်ထိုးအိုးပေါက်ရေးဖူးတယ်ဗျ။ မြစ်ကြီးနားအကြောင်း ကဗျာရေးရတာ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းနေရသလိုပဲဗျ။ တကယ်တော့ တုတ်ထိုးအိုးပေါက်တို့က မြစ်ကြီးနားကိုချစ်တယ်။ ဧရာဝတီကိုချစ်တယ်။ ကိုယ့်မြို့ကိုချစ်တယ်။

မြစ်ကြီးနားမြို့ကြီးသာယာတာ။ မြစ်ကြီးနားမြို့ကြီး ငြိမ်းချမ်းတာ လိုချင်တာပေါ့ဗျာ။

မြို့ကြီးမှာ ပန်းတွေပွင့်လို့။ လူတွေဟာတစ်ဦးနဲ့တစ်ဦး ချစ်ခြင်းမေတ္တာနဲ့ ပွေ့ဖက်လို့။ ကားတွေဟာ တစ်စီးနဲ့တစ်စီး သည်းခံလို့။ ပန်းခြံမှာ မိသားစုတိုင်းဟာ ပျော်ရွှင်လို့။ စားသောက်ဆိုင်မှာ မိတ်ဆွေတွေရဲ့ဂီတဟာ မြူးကြွလို့။ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းသံတွေဟာ အေးချမ်းလို့။ စစ်မရှိ။ ဘေးမရှိ။

ဒီလိုမြို့ကြီးထဲ တုတ်ထိုးအိုးပေါက်တို့ နေချင်တာပေါ့။

တစ်ယောက်နဲ့ဒွေ့ တစ်ယောက်ကူညီဖေးမလို့။လူတွေဟာ ပျော်ရွှင်လို့။

ဒီလို တုတ်ထိုးအိုးပေါက်စိတ်ကူးယဉ်မိတာပါပဲ။

* * *

၂။

တုတ်ထိုးအိုးပေါက်တို့ မြစ်ကြီးနားမြို့ကြီးဟာ စားသုတ်သုတ် သွားသုတ်သုတ်ပဲဗျ။ လမ်းဘေးစားသောက်ဆိုင်မှာစားရင်လည်း ဘေးဘီဝဲယာကြည့်ရတယ်။ လက်ဖက်ရည်ဆိုင်ထိုင်လည်း တုတ်ထိုးအိုးပေါက်တို့ ကြာကြာမထိုင်ရဲဘူး။ ရပ်ထားတဲ့ကိုယ့်ဆိုင်ကယ်လေး သူခိုးအခိုးခံရမှာစိုးလို့ဗျ။

ပေါင်မုန့်ဆိုင်မှာ ပေါင်မုန့်ဝယ်လည်း တုတ်ထိုးအိုးပေါက်တို့က မြန်မြန်ပဲ။ လမ်းမှာရပ်ထားတဲ့ ဆိုင်ကယ်ပျောက်ရင် ဘယ်သူမှလာမကယ်ဘူး။ ရဲစခန်းသွားတိုင်ရင်တော့ ဆိုင်ကယ်ပျောက်စာရင်းတိုင်တန်းသူစာရင်းမှာ ပါသွားနိုင်တာပေါ့လေ။ လောလောဆယ်တော့ ကိုယ်ဖြစ်ကိုယ်ခံပါပဲ။

တုတ်ထိုးအိုးပေါက်လည်း ပြီးခဲ့တဲ့လက ဆိုင်ကလုန်းတစ်စီးပျောက်ဖူးတော့ ခံရတဲ့အတွေ့အကြုံရခဲ့ပြီ။ မြစ်ကြီးနားမှာ ဆိုင်ကယ်မပျောက်ဖူးတဲ့လူဟာအကောင်ပဲလို့ ပြောရမလိုဖြစ်နေပြီ။

"တစ်ခါသေဖူးတော့ပျဉ်ဖိုးနားလည်"ဆိုသလို တစ်ခါဆိုင်ကယ်အခိုးခံရဖူးတော့ ဆိုင်ကယ်သော့ကို အမျိုးမျိုးခတ်ထားလိုက်ရတော့တာ။

ရှေ့ဘီးကိုလည်း သော့ခတ်တယ်။နောက်ဘီးကိုလည်း သော့ခတ်တယ်။ ဇက်သော့ကိုလည်း သော့ခတ်တယ်။ ပြီးတော့ သံကြိုးနဲ့ ရှေ့ဘီးနောက်ဘီးတွဲပြီး သော့နဲ့သေချာခတ်ပြန်တယ်။

ဆိုင်ကယ်ရပ်ပြီးလမ်းဘေးရှူးရှူးပေါက်ရင်တောင် တုတ်ထိုးအိုးပေါက်တို့က အဲ့ဒီလိုသော့ခတ်ထားတော့တာ။ အချိန်တော့ ပေးရတာပေါ့လေ။ သော့ခတ်ရင်လည်း ၁၀ မိနစ်။ သော့ပြန်ဖွင့်ရင်လည်း ၁၀ မိနစ်။ ဒီလောက်တော့ သည်းခံပဲ။

ကျုပ်တို့ မြစ်ကြီးနားမြို့ကြီးမှာ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး။ ဖြစ်ရင်လည်း ကိုယ်ဖြစ်ကိုယ်ခံပါပဲခင်ဗျာ။

တုတ်ထိုးအိုးပေါက် သော့ခတ်တာကို သဘောကျသွားတဲ့ မြစ်ကြီးနားသတင်းဂျာနယ်က သတင်းထောက်ကလေးမောင်စည်သူတစ်ယောက် သူ့ဆိုင်ကယ်ကိုတုတ်ထိုးအိုးပေါက်လိုသော့တွေတစ်သီကြီးခတ်ထားသတဲ့။ ဒါပေမဲ့ သူခိုးဝိဇ္ဇာတွေက သူ့ဆိုင်ကယ်ကို ခိုးသွားတာပဲတဲ့။ သူခိုးတွေက ဆိုင်ကယ်ကို ဝါးလုံးနဲ့လျှိုထမ်းပြီး ခိုးသွားကြလေသတဲ့။

မပြောဘူးလား။ ကိုယ်ဖြစ်ကိုယ်ခံပါဆို။

* * *

၃။

တကယ်တော့ ကျုပ်တို့မြို့ကြီးက တိုးတက်ချင်နေတာရယ်။ မြို့က မြို့လက္ခဏာနဲ့လှချင်နေတာရယ်။ လမ်းတွေကလည်းခေတ်မီလာနေတာရယ်။

တုတ်ထိုးအိုးပေါက်တို့ လမ်းတွေချဲ့ထွင်လာတာ ဝမ်းသာသဗျ။ ပြည်သူတင်တဲ့အစိုးရလက်ထက်မှာ ပြည်သူ့လမ်းတွေ ကျယ်လာတာ ဝမ်းသာတာပေါ့ဗျာ။ ဒါပေမဲ့ စာရိတ္တလမ်းတွေလည်း ချဲ့ဖို့လိုသေးသဗျ။ ကိုယ်ကျင့်တရားလမ်းတွေ ချဲ့ကားဖို့ လိုသေးသဗျ။ ဒါဆို ကျုပ်တို့မြို့ကြီး ပျော်စရာတကယ်ကောင်းပြီ။

ပြည်သူတွေ နွေးထွေးမှုလုံခြုံမှုရှိရင် လမ်းတွေမချဲ့လည်း ပျော်စရာကောင်းမှာ အမှန်ပါပဲ။

မိုးမျှော်တိုက်ကြီးတွေ မရှိလည်း တုတ်ထိုးအိုးပေါက်တို့မြို့ကြီး ပျော်စရာကောင်းမှာပဲ။

တရားဥပဒေစိုးမိုးရေးသာရှိ ကျုပ်တို့မြို့ ပျော်ရတယ်။ ငြိမ်းချမ်းရေးရကြည့် ကျုပ်တို့မြို့ကြီး ပျော်စရာကောင်းမယ်။

အခုတော့လား။

လူတကာ လက်ညှိုးထိုးခံနေရတဲ့၊ ရှက်ကြောပြတ်နေတဲ့ မိန်းမပျက်ဟာ တရားဥပဒေစိုးမိုးရေးပါပဲ။

* * *

အဝေးက မိတ်ဆွေတွေက မေးကြတယ်။ ကချင်ပြည်နယ်မှာ ဟိုနားမှာ တိုက်ပွဲဖြစ်၊ ဒီနားမှာ တိုက်ပွဲဖြစ်နေတော့ အခြေအနေဘယ်လိုလဲတဲ့။

ကချင်ပြည်နယ်ရဲ့ငြိမ်းချမ်းရေးအခြေအနေ ဘယ်လိုရှိသလဲတဲ့။

ဒီတော့တုတ်ထိုးအိုးပေါက်ပြန်ပြောလိုက်ရတယ်။

ငြိမ်းချမ်းရေး အသာထားစမ်းပါကွာလို့။

ငါတို့မြစ်ကြီးနားမြို့မှာရှိတဲ့နာရီစင်ကြီးတောင်ဟိုဘက်နာရီနဲ့ ဒီဘက်နာရီမတည့်ကြဘူးလို့။ ဒီဘက်ကနာရီက တစ်နာရီခွဲဆိုရင် ကျောချင်းကပ်နေတဲ့ဟိုဘက်နာရီက ၈ နာရီခွဲနေပြီလို့။

ဟုတ်တယ်။

တောရွာကတက်လာတဲ့ ကိုရင်ကြီးတစ်ပါး နာရီစင်က အချိန်ကိုကြည့်ပြီး ဆွမ်းခံတာ ဆွမ်းဝတ်ခဲ့ဖူးတယ်လို့။

* * *

၅။

တရားဥပဒေစိုးမိုးရေးဆိုလို့ ပြောရဦးမယ်။

မနေ့က လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ တုတ်ထိုးအိုးပေါက်ထိုင်နေတုန်း ကောင်မလေးတစ်ယောက် အိကြာကွေးလာဝယ်တယ်။ မုန့်ဆရာက အိကြာကွေးလေးချောင်းကို အိတ်အမည်းနဲ့ ထည့်ပေးတာ။

ဒီတော့ အဲဒီကောင်မလေးက ပြန်ပြောတယ်။

"ပါဆယ်ကို အိတ်အဖြူနဲ့ ထည့်ပေးပါရှင်"

"ဘာဖြစ်လို့လဲ"

"မနေ့က အိကြာကွေးကို အိတ်အမည်းနဲ့ ပါဆယ်ထည့်ပေးတာ။ လမ်းမှာပိုက်ဆံအိတ်ထင်ပြီး အလုခံလိုက်ရလို့"

ကိုင်း။

သိတော်မူကြတဲ့ အတိုင်း ကျုပ်တို့မြစ်ကြီးနားမြို့ကြီးမှာ သူကြီးလည်း မတိုင်လောက်၊ ဆယ်အိမ်ခေါင်းလည်း မတိုင်လောက်တဲ့အမှုတွေနဲ့ နေ့စဉ်ရင်ဆိုင်နေကြရတာ။

ဘယ်မှာလဲ တရားဥပဒေစိုးမိုးရေး။ အဲဒါကြောင့် ပြောတာ။ ကျုပ်တို့မြို့မှာ တရားဥပဒေစိုးမိုးရေးဟာ ရှက်ကြောပျက်နေတဲ့ မိန်းမပျက်ပါဆို။

* * *

၆။

မြစ်ကြီးနားက အိမ်မှာလည်းမနေရဲ။ လမ်းလည်းမထွက်ရဲဗျ။ ကိုယ့်မှာရှိတဲ့ရွှေတိုရွှေစတွေရှိရင်လည်း မရှိသလိုနေမှ တန်ကာကျမယ်။ အတုလည်း မဝတ်မိစေနဲ့။ အစစ်လည်း မဝတ်မိစေနဲ့။ တရားဥပဒေက စိုးမိုးတာမဟုတ်ဘူး။

တစ်လောတုန်းက တုတ်ထိုးအိုးပေါက်တို့မိသားစု ပြည်သူ့ဥယျာဉ် အားကစားကွင်းဘက် လည်ပတ်ကြတယ်။ ဆိုင်ကယ်အပ်တော့ ဆိုင်ကယ်စတင်းကကောင်လေးက ဇက်သော့မခတ်ဖို့ ပြောတယ်။ တုတ်ထိုးအိုးပေါက်လည်း မင်းတို့ကို ယုံတယ်။ တရားဥပဒေစိုးမိုးရေးကို မယုံလို့ပါကွာဆိုပြီး ဇက်သော့ပါခတ်တယ်။ သံကြိုးနဲ့ခတ်တယ်။ ဟုတ်တယ်လေ။ ပျောက်ခဲ့လို့ရှိရင် ကိုယ်ပဲ



ခံရမှာ။ အာမခံက တစ်စီး ပျောက်တစ်စီးလျော်ပေးချင်မှ လျော်ပေးမှာလေ။ ဒီတော့ ၀ွ တီးဝှကျလူလို့ပဲ အထင်ခံလိုက်တယ်။

ပြည်သူ့ဥယျာဉ်မှာ ဓာတ်ပုံတွေရိုက်။ လေညင်းခံကြ။ ပြေးကြလွှားကြပေါ့။

ပန်းခြံထဲမှာ သားငယ်က ဝမ်းပျက်နေလို့ ချေးဇကာဇကာ ပါတယ်။

ချေးတွေပေနေတဲ့ ဘောင်းဘီနှစ်ထည်ကို စတိုးဆိုင်ကရတဲ့ လက်ဆွဲအိတ်ကလေးထဲ ထည့်တယ်။ ချေးတွေပေနေတဲ့ တစ်ရှူးတွေထည့်တယ်။ ပြီးတော့ အဲဒီအိတ်ကို ဆိုင်ကယ်ရှေ့ခြင်းထဲ ထည့်ထားလိုက်တယ်။

ပန်းခြံကအထွက်မှာ ဆိုင်ကယ်တစ်စီးလူငယ်နှစ်ယောက် ကပ်လာတယ်။ ပြီးတော့ ဆိုင်ကယ်ခြင်းထဲကအိတ်ကို ဆတ်ခနဲလုပြေးတယ်။

ပေဒင်ဆရာက ဟောတယ်။ တနင်္လာနံ့အထုပ်လိုက် အထည်လိုက် ပျောက်ကိန်းရှိသတဲ့ဗျ။ တနင်္လာနံ့ဆိုတော့ ငွေပေါ့။ ငွေထုပ်ပေါ့။

ကဝေယင တနင်္လာနံ။

ငွေထုပ်မပါဘဲ ချေးထုပ်ပါသွားလို့ တော်သေးတာပေါ့ဗျာ။

ကျုပ်တို့ မြစ်ကြီးနားမြို့ကြီးမှာ တရားဥပဒေစိုးမိုးပုံများပြောပါတယ်။ ဒါကြောင့်ပြောတာ။ ရှက်ကြောပျက်နေတဲ့မိန်းမပျက်ဟာ တရားဥပဒေစိုးမိုးနေပါလို့။

■

မြစ်ဆုံစောင့်ကြည့်

MYITSONE WATCH

# ၂၁ ကြိမ်မြောက် လုဒ်မယ်တော်သခင်မပွဲတော်တွင် မြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းရန်ဆုတောင်း



လုဒ်မယ်တော်သခင်မပွဲတော်သို့ လာရောက်ဘုရားဖူးသူများကို တွေ့ရစဉ်

ဓါတ်ပုံ - Wunpawng Shayi

ဖေဖော်ဝါရီ ၁၂

၂၁ ကြိမ်မြောက် လုဒ်မယ်တော် သခင်မပွဲတော်သို့လာရောက်ကြသော ဘုရားဖူးပြည်သူများက ဧရာဝတီမြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းရန်အတွက် ဆုတောင်းခဲ့ကြသည်ဟု သိရသည်။

"ဘုရားဖူးလာတဲ့သူ အားလုံးက စိတ်နှလုံးတစ်ဝမ်းတည်းနဲ့လက်ထောင်ပြီး အားလုံးအတူတကွ မြစ်ဆုံရေကာတာ စီမံကိန်းရပ်ဆိုင်းဖို့အတွက် ဆုတောင်းခဲ့ကြတယ်" ဟု ဘုရာဖူးလာသူဒေါ်ဂျာခေါ်နိက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ လုဒ်မယ်တော်သခင်မပွဲတော်ရက်တွင် ဘုန်းတော်ကြီး ကလရှပ်နော်ဒိမ့်က "အတူဆုတောင်းဖို့ ကြိုးစားရအောင်၊ ကြိုးစားရင်မဖြစ်နိုင်တာ မရှိဘူး။ ကျွန်တော်တို့ရဲ့ နယ်မြေကို သူများကိုမပေးလိုက်ပါနဲ့။ မြစ်ဆုံဆည် စီမံကိန်းလုပ်လာရင်တော့ ကျွန်တော်တို့ရဲ့ ကချင်ပြည်နယ်က မလိခရဲ့ အနောက်ဘက်မှာ ရေအိုင်ဖြစ်လာတော့မယ်"ဟု ဘုရားဖူးလာကြသူများကို မိန့်ကြားခဲ့သည်။

အောင်မြင်သာ စံပြကျေးရွာသို့ ရွှေ့ပြောင်းလာခဲ့ရသည့် ဒေသခံပြည်သူများကလည်း ပွဲတော်နေ့၌ လုဒ်မယ်တော်ထံတွင်ဆုတောင်းကာ "မြစ်ဆုံထာဝရ စီးဆင်းနေပါစေ၊ မြစ်ဆုံရေကာတာစီမံကိန်းထာဝရ ရပ်ဆိုင်းသွားပါစေ၊ မြစ်ဆုံမြစ်ညာ၊ မြစ်ဝှမ်းတစ်လျှောက်ရှိ ရေကာတာ စီမံကိန်းရပ်ဆိုင်းပါစေ၊ စီမံကိန်းကြောင့် စိတ်သောကရောက်နေသော ဒေသခံများ သောကနှင့် ကင်းဝေးပါစေ"ဟု ဆုတောင်းခဲ့ကြကြောင်း ဒေသခံများက ပြောပြသည်။

ထိုကဲ့သို့ပင် ဘုရားဖူးလာသည့် ဆုတောင်းသူများအားလုံးက "ကချင်ပြည်နယ် ငြိမ်းချမ်းပါစေ၊ တိုက်ပွဲတွေငြိမ်းသွားပါစေ၊ မြစ်ဆုံရေကာတာ စီမံကိန်း ရပ်ဆိုင်းသွားပါစေ၊ အားလုံးငြိမ်းချမ်းပြီး နေထိုင်ရပါစေ၊ ကျန်းမာကြပါစေ"ဟု ဆုတောင်းခဲ့ကြကြောင်း သိရသည်။

လုဒ်မယ်တော်ဘုရားပွဲသို့ မသွားနိုင်ခဲ့သူများကလည်း မိမိတို့ ဆုတောင်းလိုသည့် အချက်များကို စာရွက်ပေါ်သို့ ရေးချပြီး ဘုရားဖူးလာသူများနှင့်ပါးလိုက်ကာ ထိုဆုတောင်းချက်စာရွက်များကို ဘုန်းတော်ကြီးများက ယစ်ပူဇော်ပေးလေ့ရှိကြောင်း သိရသည်။

အဆိုပါ လုဒ်မယ်တော်သခင်မပွဲတော်ကို ဖေဖော်ဝါရီလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မြစ်ဆုံဒေသရှိတန်ဖရဲကျေးရွာမှ ရှိမန်ကက်သလစ်ဘုရားကျောင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုပွဲတော်သို့ ပန်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဟိုပင်မြို့နယ် ကျေးရွာများမှ ပြည်သူပေါင်း ၃ ထောင်ခန့် ဘုရားဖူးလာခဲ့ကြကြောင်း သိရသည်။

လဖိုင်လု

# တိုက်ပွဲကြောင့် လီဒိုလမ်းဘေးတောင်သူများ စိုက်ပျိုးစရိတ် ချေးငွေပြန်ဆပ်ရန် အခက်တွေ့နေ

ဖေဖော်ဝါရီ ၁၂

တိုက်ပွဲများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လယ်ယာလုပ်ငန်းကို ကောင်းစွာမလုပ်ကိုင်ခဲ့ရသည့် ဟူးကောင်းချိုင့်ဝှမ်း၊ လီဒိုလမ်းမတစ်လျှောက်ရှိ ကျေးရွာများမှ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်ဆပ်ရန် အခက်တွေ့နေကြောင်း သိရသည်။

တောင်သူချေးငွေ စပါးဘဏ်မှ ချေးငွေများအား ပြန်လည် ပေးဆပ်ရန် အခက်တွေ့နေသည့် တောင်သူများမှာ လီဒိုလမ်းမတစ်လျှောက်တွင် ရှိသည့် နောင်းမီ၊ ဝါရာဇွပ်၊ ဒွန်ဘန်၊ ရှုထူးဇွပ်၊ ဇွမ်ဘုံး၊ လဝါ၊ လကောင်၊ ခွမ်စန်ယန်နှင့် မန်ဘန် စသည့်ကျေးရွာများတွင် နေထိုင်သော တောင်သူလယ်သမားများဖြစ်ကြောင်း သိရသည်။

အစိုးရက တောင်သူချေးငွေစပါးဘဏ်မှတစ်ဆင့် တောင်သူများကို လယ် ၁ ဧကလျှင် ၁ သိန်းခွဲဖြင့် ချေးငွေထုတ်ထားပေးခြင်းဖြစ်ပြီး ထို ၁ သိန်းခွဲအတွက် တိုးရင်းပေါင်း ၁၅၉၅၀၀ ကျပ်ကို ဖေဖော်ဝါရီလ ၁၅ ရက်မှ ၂၀ ရက်အတွင်း ပြန်လည်ပေးဆပ်ရမည်ဟု သတ်မှတ်ပေးထားခြင်းဖြစ်သည်။

သို့သော်ထိုဒေသရှိတောင်သူလယ်သမားများသည် ယခုနှစ်အတွင်း ဗဂ်းတို့နယ်မြေတွင် ဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် လယ်ယာလုပ်ငန်းကို ကောင်းစွာမလုပ်ကိုင်ရသည့်အပြင် ကောင်းစွာမရိတ်သိမ်းရသည့်အတွက် အထက်ပါအတိုင်း ချေးငွေပြန်လည်ပေးဆပ်ရန် အခက်တွေ့နေရခြင်းဖြစ်ကြောင်း လီဒိုလမ်းမရှိ တောင်သူလယ်သမားများက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"လယ်မဝင်ခင်ကတည်းက တိုက်ပွဲတွေ ဖြစ်လာတာ။ တချို့ စပါးစိုက်ထားပြီးသားလူတွေကြတော့ စပါးရိတ်ချိန်မှာ ဖြစ်တဲ့ တိုက်ပွဲတွေကြောင့် ကောင်းကောင်း မရိတ်သိမ်းနိုင်ခဲ့ဘူး။ လုပ်ငန်းခွင်လဲ ကောင်းကောင်း မဝင်နိုင်ဘူး။ ကိုယ့်ရွာမှာ ကိုယ့်ဘာကိုယ်စစ်ပြေး"ဟု ဝါရာဇွပ်တောင်သူများကပြောသည်။

"အဆိုပါ အခက်အခဲများကြောင့် ဟူးကောင်းချိုင့်ဝှမ်း၊ လီဒိုလမ်းမရှိ ကျေးရွာများမှ တောင်သူများသည် ယခုနှစ်တွင် အတိုးကို ဦးစွာဆပ်၍ နောင်လာမည့်နှစ်တွင် အရင်းဆပ်လိုသည်ဟု ပြောနေကြသည်။

"တိုက်ပွဲတွေကြောင့် ရွာတွေမှာ ကုန်ဈေးနှုန်းတွေ အရမ်းတက်နေတဲ့အပြင် ကိုယ်တွေစိုက်ထားတဲ့ စပါးတွေကိုလည်း ဝယ်မယ့်သူ လုံးဝမရှိဘူး ဖြစ်နေတာ။ အဲဒါကြောင့် ဝင်ငွေမရှိလို့ ဒီနှစ်မှာတော့ အတိုးအရင်းဆပ်ပြီး နောက်နှစ်မှာ အရင်းဆပ်ပေးလို့ရမယ်ဆိုရင် ကောင်းမယ်"ဟု ဒေသခံရွာသားများက ပြောသည်။

အစိုးရက အိမ်ထောင်စုတစ်စုတွင် လယ်ဧကမည်မျှပင် လုပ်ကိုင်ကြသည်ဖြစ်စေ လယ် ၁၀ ဧကစာအတွက် ချေးငွေပေးထားကြောင်း၊ လီဒိုလမ်းမတစ်လျှောက်ရှိ ကျေးရွာများတွင် နေထိုင်သော ရွာသားများသည် တစ်အိမ်ထောင်လျှင် လယ် ၄/၅ ဧကခန့်သာ လုပ်ကိုင်ကြကြောင်း သိရသည်။

လဖိုင်လု

# စိတ်ကျန်းမာရေးဥပဒေနှင့် ပတ်သက်သည့် မူဝါဒများ လာမည့်လတွင် ပြင်ဆင်ရေးဆွဲမည်

ဖေဖော်ဝါရီ ၁၀

စိတ်ကျန်းမာရေးနှင့် ပတ်သက်သည့်ဥပဒေကို မူဝါဒအသစ် ချမှတ်နိုင်ခြင်းမရှိဘဲ ၂၀၀၆ ခုနှစ်က ပြင်ဆင်ထားသည့်ဥပဒေကိုသာ ဆက်လက်အသုံးပြုနေရသည့်အတွက် လူနာများအား ထိရောက်သည့် ကုသမှုများ မပေးနိုင်ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာတင်ဦးက ပြောသည်။

လက်ရှိအသုံးပြုနေသည့် စိတ်ကျန်းမာရေးနှင့်ပတ်သက်သည့် ဥပဒေကို ၁၉၉၅ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ထိုဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ကာ လက်ရှိအချိန်ထိ အသုံးပြုနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စိတ်ကျန်းမာရေးနှင့်ပတ်သက်သည့် ဥပဒေမူဝါဒကို ယခုနှစ် မတ်လအတွင်း ပြန်လည်ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်မှုများရှိကြောင်း၊ ထိုသို့ပြင်ဆင်ရေးဆွဲရာတွင် တစ်နိုင်ငံလုံးမှ ဝန်ကြီးများ၊ စိတ်ရောဂါကုဆရာဝန်များက ပထမအဆင့်အနေဖြင့် ဦးစွာ ဆွေးနွေးခြင်းပြုလုပ်ပြီး ရှေ့နေ ရုံးမှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများနှင့် ထပ်မံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု စိတ်ရောဂါအထူးကု ဆရာဝန် ဒေါက်တာသက်ဇော်က ပြောသည်။

"ဟိုးအရင်က လူ့အခွင့်အရေးဆိုတာမျိုး အရမ်းကြီး ခေတ်မစားခင်တုန်းက ရေးဆွဲထားတဲ့ဥပဒေဖြစ်တဲ့အတွက် အခုခေတ်နဲ့ ကွာခြားမှုတွေရှိနေတယ်။ ပြင်ဆင်ထားတယ်ဆိုပေမယ့်လည်း ပြင်ဆင်ရန် အချက်တစ်ခုသာ တိုးလာတာပါ။ ဒါကြောင့် ပြင်ဆင်စေချင်တာပါ"ဟု ရန်ကုန်မြို့၊ စိတ်ကျန်းမာရေးရုံကြီးမှ ပါမောက္ခ ဒေါက်တာတင်ဦးက ပြောသည်။

စိတ်ကျန်းမာရေး ဝေဒနာခံစားရသူများ၏ အခွင့်အရေးကိုမကြည့်ဘဲ ၎င်းအားမိသားစုစာရင်းမှ ခွဲထုတ်ထားလိုက်ခြင်းများရှိနေကြောင်း၊ အဆိုပါ စိတ်ဝေဒနာရှင် ပြန်လည်ကျန်းမာလာချိန်တွင်မူ ယခင်အတိုင်းပြန်လည်နေထိုင်ခွင့် မရတော့ခြင်းမျိုး ကြုံတွေ့နေရကြောင်း သိရသည်။

"တချို့ဆိုရင် မိသားစုနဲ့အတူနေထိုင်လို့ နွေးထွေးမှုနဲ့ ပြန်ကျန်းမာလာနိုင်တဲ့သူတွေ ရှိတယ်။ အဲဒီလူတွေကိုဆိုလည်း ပစ်ပယ်ထားကြတော့ ဝေဒနာက ပိုဆိုးလာတဲ့အခြေအနေတွေ ရှိလာတယ်။ ပြီးတော့ တချို့ကျပြန်တော့ ပယောဂဆိုပြီး ပေဒင်ဆရာတွေနဲ့ ကုသမှုတွေ လုပ်ကြတယ်။ ကုလို့မရတော့ဘူးဆိုတဲ့အချိန်မှ ဆေးရုံကြီးကိုလာပြီး အပ်ကြတယ်" ဟု ဒေါက်တာသက်ဇော်က ရှင်းပြသည်။

အဆိုပါ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးသည် လူမှုဘဝ ရပ်တည်ရှင်သန်ရာ၌ အရေးကြီးသော အခန်းကဏ္ဍတစ်ခုထဲတွင်ပါဝင်သည့်အတွက် လူသားတိုင်း မမေ့လျော့မပေါ့ဆသင့်ကြောင်း ပါမောက္ခဒေါက်တာတင်ဦးက ပြောသည်။

"စိတ်ကျန်းမာရေး မကောင်းသူဆိုရင် လူတိုင်းက ရူးသွပ်နေတဲ့သူကိုပဲ မြင်ကြတယ်။ အဲဒါ မှားပါတယ်။ တကယ်တော့ စိတ်ဓာတ်ကျနေတဲ့သူတွေ၊ စိတ်ဖောက်ပြန်တဲ့သူတွေလည်း ပါပါတယ်။ စိတ်မကျန်းမာသူထဲမှာ အမျိုးအစားများစွာ ပါဝင်ပါတယ်"ဟု ဒေါက်တာတင်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်း စိတ်ကျန်းမာရေးဆေးရုံကြီး နှစ်ရုံရှိပြီး ၎င်းသည် ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း စိတ်ကျန်းမာရေးကုသဆရာဝန် ၁၀၀ ဦးခန့် ရှိသည့်အနက် ထက်ဝက်ခန့်မှာ ရန်ကုန်မြို့ရှိစိတ်ကျန်းမာရေးဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြောင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင် စသည့်ပြည်နယ်များတွင် စိတ်ကျန်းမာရေးကုသဆရာဝန် တစ်ဦးစီသာရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ၂ ဦးစီ ရှိကြောင်း သိရသည်။

ပြည်သူ ၁၀၀ ဦး အနက် လေးဦးတွင် စိတ်ကျန်းမာရေးပြဿနာရှိနေနိုင်ပြီး လူဦးရေ ၁၀၀ တွင် တစ်ယောက်ခန့်မှာ စိတ်ဖောက်ပြန်ရေး ပြဿနာဖြစ်တတ်သည်ဟု သိရသည်။

အဆိုပါ စိတ်ကျန်းမာရေးနှင့်ပတ်သက်ပြီး ရန်ကုန်မြို့အခြေစိုက် သတင်းစာကျောင်း (YJS) က ပထမဆုံးအနေဖြင့် စိတ်ကျန်းမာရေးနှင့်ပတ်သက်သည့် သိရှိနားလည်ကျွမ်းကျင်သူများကိုခေါ်ယူကာ သတင်းထောက် ၁၀ ဦးအား သတင်းရေးသားနည်း သင်တန်းကို ၅ ရက်ကြာ ပြုလုပ်သင်ကြားပေးခဲ့သည်။

မွန်းမွန်းပန်

Movie View

▶ ယခုအပတ် ဧရာ(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

ရက်စွဲ - ဖေဖော်ဝါရီ ၁၆ မှ ၂၂ ရက်ထိ
မြန်မာကား - သုံးရောင်ခြယ်
ပွဲချိန် - နေ့လယ် ၁၂ နာရီ၊ ၃ နာရီခွဲ
နိုင်ငံခြားကား - တရုတ်ရုပ်ရှင်ပွဲတော်(အခမဲ့)
ပွဲချိန် - ည ၆ နာရီခွဲ







# နန့်ဝါကျေးရွာ ကြိုးဝိုင်းမြေအတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးရန် လုပ်ကိုင်နေမှုကို ဝန်ကြီးချုပ်ထံ ကန့်ကွက်စာတင်ပြထားသော်လည်း တုန့်ပြန်မှုအားနည်း

ဖေဖော်ဝါရီ ၁၂

ဝိုင်းမော်မြို့နယ်၊ နန့်ဝါကျေးရွာအတွင်း လုပ်ကိုင်နေသည့် မျိုးစေ့ကြယ်ပွင့်ကုမ္ပဏီ၏ ငှက်ပျောစိုက်ပျိုးမှုများကို တားမြစ်ပေးစေလိုကြောင်း ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံသို့ ဒေသခံပြည်သူများက စာတင်ပြခဲ့သော်လည်း ယနေ့အထိ အကြောင်းပြန်ခြင်းမရှိသေးကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။

"ကျွန်တော်တို့အနေနဲ့ စိုးရိမ်မှုတွေရှိနေလို့ ဝန်ကြီးချုပ်ကို အားကိုးတကြီးနဲ့ ကန့်ကွက်စာတင်တယ်။ ဒါပေမယ့် ထိရောက်တဲ့ ဖြေရှင်းမှုမျိုး မလုပ်ပေးတဲ့အခါကျတော့ ပြည်သူတွေအနေနဲ့ အစိုးရအပေါ် ယုံကြည်မှု ကင်းမဲ့လာတယ်။ ဒါကြောင့် နောက်ဆို သူတို့ကို ထောက်ခံမှုလည်း ရှိလာတော့မှာ မဟုတ်ဘူး။ အစိုးရအနေနဲ့ ထိရောက်တဲ့ ဖြေရှင်းမှုမျိုးကို လုပ်ပေးစေချင်ပါတယ်။ ပေါ့လျော့စွာမလုပ်ဆောင်ပေးပါနဲ့လို့ ပြောချင်ပါတယ်" ဟု ဦးဒေါင်ဇေက ဒေသခံပြည်သူများကိုယ်စား မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

နန့်ဝါကျေးရွာဒေသခံများသည် မျိုးစေ့ကြယ်ပွင့်ကုမ္ပဏီ၏ ငှက်ပျောစိုက်ပျိုးမှုကြောင့် ကျန်းမာရေး၊ မြေယာအရေးနှင့် လူမှုရေးစသည့် ပြဿနာများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်သည့်အတွက် တားမြစ်ပေးစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်ထံ ဇန်နဝါရီလ လလယ်ခန့်က စာတင်ပြထားခြင်း ဖြစ်သည်ဟု သိရသည်။

အဆိုပါ မျိုးစေ့ကြယ်ပွင့်ကုမ္ပဏီသည် ဝိုင်းမော်မြို့နယ်၊ နန့်ဝါကျေးရွာအတွင်း ဇန်နဝါရီလ ၈ ရက်က စတင်ဝင်ရောက်ကာ စိုက်ပျိုးမြေများကို ထွန်ယက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။



မျိုးစေ့ကြယ်ပွင့်ကုမ္ပဏီက ဝင်ရောက်လုပ်ကိုင်နေသည့် မြေများကို ဒေသခံပြည်သူများ မပိုင်ဆိုင်ကြောင်း၊ အဆိုပါမြေသည် ကြိုးဝိုင်းမြေဧရိယာဖြစ်ပြီး တော်လှန်ရေးကော်စီခေတ်က ပြည်သူများကို ဝင်ရောက်နေထိုင်ခွင့်ပြုခဲ့သည့်အတွက် ဒေသခံများက ထိုကြိုးဝိုင်းမြေကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နေသည့် မြေဖြစ်ကြောင်း သိရသည်။

"အခုငှက်ပျောစိုက်ခင်းက ရွာနဲ့အရမ်းနီးတဲ့အတွက် ကန့်ကွက်ရတာပါ။ ဝန်ကြီးကိုတင်တဲ့စာထဲမှာပါတာက မြေယာအရှုပ်အရှင်း ဖြစ်လာနိုင်တယ်၊ လူမှုရေးပြဿနာရှိလာနိုင်တယ်။ ကျန်းမာရေးထိခိုက်မှုတွေ ရှိလာနိုင်တယ်ဆိုတာတွေအပြင် ကျွန်တော်တို့ထက် အရင်က ဝင်ထားနှင့်ပြီးတဲ့ရွာတွေ ခံစားနေရတဲ့ ပြဿနာတွေကို တွေ့နေမြင်နေတဲ့အတွက် ကန့်ကွက်နေတာ ဖြစ်တယ်" ဟု ဦးဒေါင်ဇေက ရှင်းပြသည်။

ဒေသခံများ၏ ကန့်ကွက်စာနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနက အရေးယူဖြေရှင်းဆောင်ရွက်ပေးမှု အားနည်းနေကြောင်း၊ မျိုးစေ့ကြယ်ပွင့်ကုမ္ပဏီက တစ်သျှူးငှက်ပျောစိုက်ပျိုးရန် စီမံကိန်းအတွက် နေ့စဉ်လုပ်ကိုင်နေသောကြောင့် မကြာမီစိုက်ပျိုးမှုများ ပြုလုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

"အခုဆိုရင် တောင်သူအချို့ကို ကုမ္ပဏီတွေကနည်းပေါင်းစုံနဲ့ လိမ်လည်ပြီးတော့ ခြံတွေ လိုက်ဝယ်နေကြတယ်။ တောင်သူတွေကလည်း အရင်တုန်းက လျော်ကြေး၊ နစ်နာကြေးတွေ မရဘဲ မြေယာအသိမ်းခံထားရတဲ့ အခြေအနေတွေရှိထားခဲ့ဖူးတော့ ထိပ်လန့်ပြီး ရောင်းလိုက်တာမျိုး၊ ငှားတာမျိုးတွေ ရှိနေကြတယ်" ဟု ဦးဒေါင်ဇေကပြောသည်။

မျိုးစေ့ကြယ်ပွင့်ကုမ္ပဏီက တစ်သျှူးငှက်ပျောစိုက်ပျိုးရန် ဝင်ရောက်လုပ်ကိုင်နေသည့် မြေ ၄၀၀ ဧကတွင် ဒေသခံတောင်သူ ၄၀ ခန့်က မှီခိုကာ လုပ်ကိုင်စားသောက်နေကြသည်ဟု သိရသည်။

မွန်းမွန်းပန်

# မြန်မာပြည်မြောက်ပိုင်းအရပ်ကြီးနှင့် သူ့အမြင်နှင့်သူ့အတွေး

အဝ်ခိုဝ်တွမ်



၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် စစ်ကိုင်းဦးဘိုးသင်း၏ သူ့အမြင်နှင့် သူ့အတွေးစာအုပ်နှင့်ပတ်သက်၍ "အတွေ့အကြုံများခဲ့သော သက်ကြီးရွယ်အို စာရေးဆရာတစ်ယောက်ဖြစ်၍ ပဟုသုတစုံ၏။ လောကကို တည့်တည့်ကြည့်တတ်၍ ရယ်ရင်းပြုံးရင်း နှစ်သိမ့်ရ၏။ ပညာရေးအရာရှိဟောင်းတစ်ဦးဖြစ်၍ အတွေးအခေါ်ခေတ်မီ၏။ အစိုးရအရာရှိအဖြစ် အနယ်နယ်အရပ်ရပ်စုံခဲ့သောကြောင့် ဒေသန္တရပဟုသုတတိုး၏။" ဟု ဝေဖန်ခဲ့သည်။ နိုဝင်ဘာ ၃၀ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင်မူ "စာရေးဆရာကြီးဦးဘိုးသင်း၏ အတွေ့အကြုံများအပေါ် အမြင်နှင့်သဘောတရားတို့ကို ပေါင်းစပ်၍ ဖွင့်ဆိုထားသော ပဟုသုတဟင်းလေးအိုးတစ်မျိုးဖြစ်သည်"ဟု ဝေဖန်ခဲ့လေသည်။


ဆရာကြီးဦးဘိုးသင်းသည် မြစ်ကြီးနားနှင့် ပန်းမော်မြို့များတွင် ကျောင်းဆရာအဖြစ် ဆောင်ရွက်ဖူးသည့်အလျောက်သူ၏ သူ့အတွေးနှင့် သူ့အမြင်များတွင် မြန်မာပြည်မြောက်ပိုင်းနေ့ရက်များကို ထည့်သွင်း ရေးသားခဲ့သည်။ မြစ်ကြီးနားမြို့နှင့်ပတ်သက်၍ "ကျွန်တော်ရောက်ဖူး နေဖူးသောမြို့များတွင် မြစ်ကြီးနားမြို့သည် နှစ်သက်ဖွယ်၊ နေစမ်းချင်စဖွယ် အကောင်းဆုံးဟု ထင်ရပေသည်။ ရေမှာလည်း အလွန်ကောင်းပေသည်။ ရေခဲမထည့်ရပဲ ဆယ့်နှစ်ရာသီအေးနေပေသည်"ဟု မှတ်တမ်းတင်ခဲ့သည် မဟုတ်ပါလား။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ မြစ်ကြီးနားမှဆန်ကို ရန်ကုန်သို့တင်ယူသဖြင့် မိုးညှင်း၊ နန်းမား၊ ဟိုပင်၊ မိုးကောင်းစသည့် ဘူတာစဉ်လောက်မှာပင် ဆန်စက်များရှိခဲ့ကြသည်။ မြစ်ကြီးနားမှရန်ကုန်သို့တင်သော ဆန်တွဲခန္ဓာန်းမှာ မန္တလေးမှရန်ကုန်သို့တင်သော ဆန်တွဲခန္ဓာန်းဖြင့် အတူတူပင်ဖြစ်သည်။ မြစ်ကြီးနားခရိုင်မှထွက်သော ဆန်ကို အင်္ဂလန်မှပင် မှာယူသည်ကို ဆရာကြီးဦးဘိုးသင်း စဉ်းစားမရခဲ့။

၁၉၃၇ ခုနှစ်၊ ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေးစနစ်အရမြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခု မဟုတ်တော့သည့်နောက်ပိုင်းကာလတွင် ဦးဘိုးသင်းသည် မြစ်ကြီးနားသို့ရောက်သွားခဲ့သည်။ အင်္ဂလန်မှမြစ်ကြီးနားဆန်မှာသည့် ကိစ္စကို သေချာစုံစမ်းကြည့်သည်။ ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေးသည် ပြည်သူမှရွေးချယ်တင်မြောက်သောအမတ်များ လွှတ်တော်ထဲရောက်ရှိသွားသော်လည်း ကချင်၊ ကယား၊ ချင်း၊ ရှမ်းတို့ကို ဘုရင်ခံက သီးသန့်နယ်မြေများအဖြစ် ချုပ်ကိုင်ထားဆဲဖြစ်သည်။ မြစ်ကြီးနားခရိုင်တစ်ခုလုံးမှာပင် ရွှံ့မှုန်များပျံ့နှံ့နေ၍ မြစ်ကြီးနားခရိုင်သည် ရွှံ့မြေဖြစ်နေသည်။ ထိုအခါမှာ မြစ်ကြီးနားကထွက်သောဆန်ကို ရွှံ့ဓာတ်များစွာပါသောကြောင့် အင်္ဂလန်မှ အလွန်ကြိုက်ကြောင်း၊ ထို့ကြောင့် မီးရထားတွင် ဆန်တွဲနှုန်းတင်ခနှုန်းသည် မန္တလေးကတင်ခြင်းနှင့် အတူထားကြောင်း ဦးဘိုးသင်း သိလိုက်ရသည်။ "ထို့ကြောင့် မြစ်ကြီးနားခရိုင်သည် အဆီခဲကြီးဖြစ်နေ၍ အလွန်အဖိုးတန်ပြီးသော် ခေတ်မီအလုပ်သမားများကို မြေများသည် မျှော်ငံ့ကာရှိနေကြပေတော့သည်။" ဟု မှတ်တမ်းတင်ခဲ့သည်။

မြောက်ပိုင်းမြေသည်မှ ထွက်မည့်ဝါသည်လည်း သရက်မြို့ခရိုင်နယ်၊ မင်းတုန်းနယ်အနောက်ရိုးမ တောင်စွယ်များ၊ တောတန်းများတွင် စိုက်ပျိုး၍ရသော ဝါကြီးထက်သည်။ တညင်းသီးပင် မတူ။ မြစ်ကြီးနားတညင်းသီးကမန်၊ စေး၍အလွန်ဆိမ့်သည်ဟု ဆိုသည်။ "ဒုတိယကမ္ဘာစစ်မဖြစ်မီက ကြက်ဥ၊ ဘဲကင်ခြောက်၊ ဝက်ပေါင်ခြောက် စသည်တို့သည် တရုတ်ပြည်မှအကြီးအကျယ်ဝင်လာ၍ မြစ်ကြီးနားမြို့ပေါ်မှာကြက်ဥတစ်ပြားနှစ်လုံးရသည်။ အပုပ်မပါ၊ ထား၍လည်း မပုပ်၊ အကောင်ဖောက်သာသည်ဟု ဦးဘိုးသင်းကဆိုသည်။ မြစ်ကြီးနားထွက် ကော်ဖီသည် အနံ့အရသာအလွန်ကောင်းပြီး သွေးအားကောင်းကြောင်း၊ ဖျားချင်သည်ရှိသော် ထိုကော်ဖီပူပူကို နွားနို့၊ နို့ဆီမပါဘဲ သကြားနှင့်ပင်ဖျော်သောက်ရုံဖြင့် ဆေးတစ်ပါးဖြစ်ပြီဖြစ်ကြောင်း အမွှန်းတင်ခဲ့လျှင်လည်း မပေါက်ချေ။ တရုတ်မှလာသော ဝက်ပေါင်ခြောက်မှာ ပေါင်ကြီးတစ်ပေါင်လုံးမှ ငါးကျပ်ထက်မများပေ။ အမေရိကန်မှလာသော ဝက်ပေါင်ခြောက်မှာ ဝက်ပေါင်တစ်ပေါင်လျှင် သုံးဆယ်လောက်ပေးရသည်။ အရသာမှာ ယူနန်ကလာသော ဝက်ပေါင်ခြောက်က သာ၍ကောင်းသည်။ ထိုဝက်ပေါင်ခြောက်ထက် ပွဲကျောင်းဘုန်းတော်ကြီးများ၏ တပည့်များဖြစ်သည့် ရှမ်းတရုတ်များကလုပ်သည့် ဝက်ပေါင်ခြောက်သည် သာ၍သာ၍ကောင်းသည်"ဟု ဆိုခဲ့သည်။

ထိုကာလတွင် ဆမားဒူဝါ ဆင်ဝါးနော်သည် ကချင်ပြည်နယ်၌ အုပ်ချုပ်ရေးတိုးတက်ရေး၊ ကချင်တိုင်းရင်းသားများဖွံ့ဖြိုးရေး၊ နယ်ချဲ့ဆန့်ကျင်ရေးတို့ကို ဦးဆောင်လှုပ်ရှားလျက်ရှိလေသည်။ ဒူဝါဇော်လွန်းသည်လည်း ကျောင်းအုပ်ဆရာကြီးအဖြစ် လုပ်ကိုင်ရင်း ပန်းမော်ခရိုင်အနှံ့နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ကချင်နိုင်ငံထူထောင်ရေးအတွက် လိုက်လံလှုံ့ဆော်စည်းရုံးလျက် ရှိခဲ့သည်။ ဒူဝါဇော်ရစ်မှာ အင်းစိန်မြို့ စက်မှုလက်မှုသိပ္ပံကျောင်း (Government Techniaal Institute)တွင် မြို့ပြအင်ဂျင်နီယာပညာရပ်ကို သင်ကြားနေခဲ့သည်။ ထိုစဉ်က ဦးဘိုးသင်း၏အမြင်တွင်မူ တိုင်းရင်းသားဖြစ်သော ရှမ်းပမာများနှင့် ကချင်များသည် အားမရခဲ့ပေ။ ဝမ်းစာထက်ပို၍လုပ်သူအလွန်နည်းပါးသည်ဟုဆိုသည်။ တရုတ်များ၊ ရှမ်းတရုတ်များသည် နွားထွန်တို့မပါဘဲပေါက်ပြားတစ်လက်နှင့် လယ်လုပ်၍ စပါးအထွက်များကောင်းကာ ဝမ်းစာပို၍ လယ်ထွက်စပါးများကို ရောင်းချလျက်ရှိကြသည်။ "တရုတ်များသည် ထိုရပ်ကွက်ကြီးတွင် တစ်နှစ်ထက်တစ်နှစ် အလွန်တိုးတက်ကာ ဝင်ရောက်လာကြပေသည်။ ထိုသို့ လာခြင်းအားဖြင့် တရုတ်လူမျိုးများ ထိုနယ်တွင် များစွာပျံ့နှံ့လူဦးရေများပြီးလျှင် လွှမ်းမိုးလာချေသော ခေတ်သဘောအရ အများသဘောကျနည်းစနစ်ဖြင့် ထိုနယ်သည် အခြောက်တိုက်တရုတ်နယ်ပင်ဖြစ်သွားသတတ်ဟု သတိပြုထားသင့်သည်"ဟု သူ့အမြင်ကို ရေးသည်။

ဆရာကြီးဦးဘိုးသင်းသည် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးတွင် မြန်မာပြည်မြောက်ပိုင်းမှ ပြန်ခဲ့သည်။ သို့သော် သူ၏အတွေးအမြင်များကို သတင်းစာများတွင် ဆက်လက်ရေးသားဖော်ပြခဲ့သည်။ သူ၏ဝတ္ထုများတွင်လည်း ထည့်သွင်းဖော်ပြခဲ့သည်။ "ကုလားနှင့်တရုတ်နယ်ချဲ့ခြင်းမှာလည်း အောက်ခြေသိမ်းကစ၍ စီးပွားရေးကိုကိုင်ပြီးလျှင် တိုင်းရင်းသူမိန်းမများကို ငွေနှင့်မျှားကာသိမ်းယူခြင်းဖြင့် နယ်ချဲ့သောကြောင့် အလွန်ပင်သတိထားဖို့ သင့်ပေသည်။ ငါတို့တိုင်းရင်းသားများသည် ထိုသဘောကို ဝင်စား၍ မြန်မာပြည်တိုင်းရင်းသားတို့၏ဂုဏ်ကျက်သရေကိုမြှင့်တင်သည့် သဘောရောက်အောင် မြေဩဇာကောင်း၍ ထက်သန်ဖွံ့ဖြိုးနေသော မြန်မာပြည်မြောက်ပိုင်းသည် သိန်းပေါင်းများစွာသော မြန်မာလူမျိုးများအား ဖိတ်မန္တကပြုနေသည်ကို သိရှိအားထားကြရန် အခါတိုင်နေပြီဖြစ်ကြောင်း၊ အစစ်နယ်ချဲ့ခြင်းကိုမြင်၍ ငါတို့သည် မြို့ရွာတည်ထောင်ခြင်းဖြင့် နယ်ချဲ့ရန်ကိုမကာကွယ်ခဲ့သော် ငါတို့၏နယ်ပယ်များသည် တစ်ဖြည်းဖြည်းနယ်ချဲ့များ၏လက်တွင်းသို့ ကျရောက်သတတ်တည်း. . . မြေဩဇာကောင်းနေသောတိုင်းပြည်ရှိ မြေလွတ်များကို ဆင်းရဲနေသောတိုင်းပြည်ကလူများသည် အလွန်နှစ်သက်တပ်မက်ခြင်းကို သတိပြုပါ၊ ကျည်ဆန်နှင့် နယ်ချဲ့ခြင်းထက် လူတစ်မျိုးကိုလူတစ်မျိုးကမျိုး၍ နယ်ချဲ့ခြင်းသည် သာ၍ ကြောက်စရာကောင်းပေသည်"ဟု သူ့အတွေးကို ဖော်ပြခဲ့လေသည်။ ■









# ပြည်ထောင်စုနေ့အပေါ် သူတို့သဘောထား ......



**ဦးဆန်ဆွန်**
**ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)**

ပြည်ထောင်စုနေ့လုပ်တာက တကယ်တမ်း ရင်ထဲကလာပြီး လုပ်တာလို့ မမြင်ဘူး။ တကယ်တမ်း ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝရှိမယ်ဆိုရင် ပြည်နယ်အားလုံးကို တိုင်းရင်းသားတွေကို အုပ်ချုပ်ခွင့်ပေးရမယ်။ တခြားဘက်ကကြည့်မယ်ဆိုရင် အရမ်းစည်းလုံးတဲ့ပုံစံကို ပြတာပဲဖြစ်တယ်။ တကယ်တမ်း စည်းလုံးညီညွတ်တယ်ဆိုရင် တိုင်းရင်းသားတွေကို အုပ်ချုပ်ခွင့်ပေးရမယ်။ ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေး ပေးရမယ်မဟုတ်လား။ အဓိကက ပြည်ထောင်စုရဲ့ အနှစ်သာရကို သက်ဆိုင်ရာ ပြည်နယ်တွေကို ပေးရမယ်။ အခွင့်အရေးကို တန်းတူညီတူ ပေးရမယ်။ အဲဒီလိုလုပ်မပေးဘဲ ပြည်ထောင်စုနေ့ကျင်းပတယ်။ တကယ်တော့ နှလုံးသားထဲမှာ ပြည်ထောင်စုရဲ့အနှစ်သာရကို ကျွန်တော်တို့ တိုင်းရင်းသားတွေကို မပေးထားဘူးလို့ မြင်တယ်။



**ဦးနောင်လဒ်**
**Green Land သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့**

ပြည်ထောင်စုဆိုတာက သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူမျိုး ၁၃၅ မျိုးဆိုပြီး ရှိတယ်။ လူတိုင်းက ပြည်ထောင်စုဆိုပြီး စုကြတာ။ တကယ်တမ်းတော့ ပြည်ထောင်စုဆိုတဲ့ အသံတောင် မကြားချင်ဘူး။ ၁၉၉၄ ခုနှစ်တုန်းကဆိုရင် ကချင်ပြည်နယ်မှာ တပ်ရင်း ၃၀ ကျော်ပဲရှိတယ်။ အခုနောက်ပိုင်းကြတော့ တပ်ရင်းက ၁၅၀ လောက် ရှိလာတယ်။ ဒီနိုင်ငံက ဗမာလူမျိုးအများ၊ တပ်မတော်တဖြစ်လဲ ဖွဲ့စည်းထားတဲ့နိုင်ငံ ဖြစ်နေတယ်။ အခုချိန်ထိ တိုင်းရင်းသားတွေရဲ့ရပိုင်ခွင့်ကို မပေးဘူး။ ဒါကြောင့် တိုင်းရင်းသားတစ်ဦးအနေနဲ့ ပြည်ထောင်စုဆိုတာကို သိလည်းမသိချင်ဘူး။ ကြားလည်းမကြားချင်ဘူး။ တိုင်းရင်းသားအားလုံးကိုစုပြီး တည်ထောင်ထားတဲ့နိုင်ငံဆိုပြီး အဓိပ္ပါယ်ထွက်ပေးမယ့် အခုက ပြည်ထောင်စုမဟုတ်ဘူး။



**ဦးတန်ဂွန်း**
**ဝါရာဂွပ်ကျေးရွာဒေသခံ**

ပြည်ထောင်စုဆိုတာက ကချင်ပြည်နယ်ကို ဗမာတွေလက်ထဲ အပ်လိုက်တဲ့နေ့ပေါ့။ ပြည်ထောင်စုနေ့ဟာ ကချင်ပြည်နယ်ကို ဗမာတွေ အုပ်ချုပ်စားပေတော့လို့ဆိုပြီး ပေးလိုက်တဲ့နေ့ ဖြစ်တဲ့အတွက်ကြောင့် ကချင်တိုင်းရင်းသားတွေအတွက် ဘာအဓိပ္ပါယ်မှ မရှိတော့ဘူး။ ပြည်ထောင်စုနေ့ကို ဘယ်နှကြိမ်ပဲလုပ်လုပ် ဒါဟာ အပေါ်ယံအလှပဲ။ တကယ့်စစ်မှန်တဲ့ ပြည်ထောင်စုနဲ့ တခြားစီဖြစ်နေတယ်။ စစ်မှန်ပြီး တရားမျှတတဲ့ ပြည်ထောင်စုပဲ အရေးကြီးတာဖြစ်တယ်။ ဒါပေမယ့် ပန်းပြအပေါ်ယံပြည်ထောင်စုပဲ လုပ်စားနေပြီးတော့မှ တိုင်းရင်းသားတွေနဲ့ ပြည်ထောင်စုစိတ်ဓါတ်မရှိရင်တော့ ပြည်ထောင်စုနေ့ဆိုပြီး ဘယ်နှကြိမ်ပဲလုပ်နေပါစေ စစ်မှန်တဲ့ ပြည်ထောင်စုနေ့ ဖြစ်လာစရာမရှိဘူး။ နှစ်တိုင်းလည်း လုပ်နေမှာပဲဆိုပေမယ့် စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓါတ်မရှိရင်တော့ စစ်မှန်တဲ့ ပြည်ထောင်စု ဖြစ်လာစရာ မရှိဘူး။



**ဦးဆိုင်းခွမ်**

ပြည်ထောင်စုနေ့ဆိုတာက ကျွန်တော်တို့က အခမ်းအနားတစ်ခုလို့ပဲမြင်တယ်ပေါ့။ ပြည်ထောင်စုရဲ့ အနှစ်သာရက မျှော်လင့်သလိုမဖြစ်လာဘူးဆိုတော့ ခံစားချက်လည်း မရှိတော့ဘူး။ ဒီအခမ်းအနားကို မြန်မာနိုင်ငံရဲ့ အခမ်းအနားလုပ်တဲ့ နေ့ထူးနေ့မြတ် တစ်ခုလိုပဲ စိတ်ထဲမှာ ခံစားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးစိတ်ပါဝင်စားသူတွေက အရမ်းကို တန်းဖိုးထားပေမယ့် အခုနောက်ပိုင်းလူတွေက အဲဒါကို နားမလည်တော့ဘူး။ ပြီးတော့ ပြည်ထောင်စုရဲ့အနှစ်သာရ၊ ပြည်ထောင်စုရဲ့ အဓိပ္ပာယ်၊ ပြည်ထောင်စုရဲ့ တန်ဖိုးရှိတဲ့အရာကို သိတဲ့လူ ရှားပါးလာတယ်။ ရှားပါးလာတယ်ဆိုတာက အစိုးရကလည်း ဒါကို အလေးထားပြီး တန်ဖိုးထားတာ မရှိဘူးလေ။ တကယ်ဆိုရင် အရင်က ပြည်ထောင်စုနေ့ဆိုတာက ခေတ်မီတိုးတက်တဲ့ မြန်မာနိုင်ငံတော်ကြီးဖြစ်လာဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ လုပ်ခဲ့ကြတာ။ အဲဒီချိန်က ခေါင်းဆောင်တွေ လုပ်တာက အရမ်းကောင်းခဲ့တယ်။ ဒါပေမယ့် အခုဖြစ်နေတာက အဲဒီချိန်မှာ ကျွန်တော်တို့က ညံ့လို့၊ သူများပြောတာကို ယုံလွယ်လို့လုပ်သလိုမျိုး ဖြစ်နေတယ်။ အခု ကျွန်တော်တို့ကိုယ်တိုင်ကလည်း ပြည်ထောင်စုနေ့ကို အရမ်းမခံစားရတော့ဘူး။ ဒါပေမယ့် ပြည်ထောင်စုနေ့ဆိုတာ မပျောက်ဆုံးသင့်တဲ့နေ့ပါ။



**ကိုဂျဲမင်းထွန်း**
**ဟားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ**

ပြည်ထောင်စုနေ့ဆိုတာ တိုင်းရင်းသားတွေအကုန်လုံး စည်းလုံးညီညွတ်မှုနဲ့အတူ လွတ်လပ်ရေးရယူခဲ့ကြလို့ သတ်မှတ်ခဲ့ကြတာပါ။ ဒီလိုနေ့မျိုးမှာ ကချင်ပြည်နယ်အတွင်းတိုက်ပွဲတွေပြင်းထန်နေတယ်။ တိုင်းရင်းသားအချင်းချင်းစိတ်ဝမ်းကွဲနေတာတွေကတကယ်ကိုမမြင်ရက်စရာပါ။ အမှန်တကယ်ပြီးပြည့်စုံတဲ့ပြည်ထောင်စုနေ့ကိုကျင်းပခွင့်ရချင်ရင်တော့တိုက်ပွဲတွေရပ်ပြီးတော့ပြည်သူတွေမျှော်လင့်တဲ့ငြိမ်းချမ်းရေးပန်းတိုင်ကို အမြန်ဆုံးလျှောက်လှမ်းကြဖို့လိုပါတယ်။ မငြိမ်းချမ်းသရွေ့တော့ပြည်ထောင်စုနေ့ဆိုတဲ့ စစ်မှန်တဲ့ အနှစ်သာရကို ခံစားရမှာ မဟုတ်ပါဘူး။



**ဦးဆွတ်ဂျက်**
**နမ္မတီးမြို့**

ပြည်ထောင်စုနေ့က ၇၁ နှစ်တိုင်တိုင်ပြည့်ခဲ့ပြီဖြစ်ပေမယ့် တိုင်းရင်းသားတွေအတွက်တော့မပြောင်းလဲတဲ့ပြည်ထောင်စုဖြစ်နေတဲ့အတွက် တိုက်ပွဲဖြစ်နေရတာပေါ့။ တကယ့်ကို အနှစ်သာရမရှိတဲ့ ပြည်ထောင်စု ဖြစ်နေတယ်။ ပြည်သူတွေလုပ်ချင်တဲ့ ပြည်ထောင်စုက ပေါင်းစည်းခြင်း၊ အခုဖြစ်နေတာက ရောနှောခြင်းခံလိုက်ရတဲ့နိုင်ငံ ဖြစ်နေတယ်။ ၇၁ နှစ်မကလို့ နှစ် ၁၀၀ ပဲ ပြည့်ပြည့်မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးက ရမှာမဟုတ်သလို သေနတ်သံတွေကလည်း ရပ်စဲသွားမှာ မဟုတ်ဘူး။

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၁၆ - ဖေဖော်ဝါရီ ၂၂၊ ၂၀၁၈)

# မိုးကောင်းချောင်းတံတားကို ဝါရာဇွပ်ဒေသခံများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုပြင်နေ

ဖေဖော်ဝါရီ ၁၀

အစိုးရက ပြန်လည်ပြင်ဆင်ပေးခြင်းမရှိသည့် မြစ်ကြီးနား-တနိုင်းသွားလမ်းရှိ ပေ ၅၀၀ ရှည်သော မိုးကောင်းချောင်းတံတားကို ဝါရာဇွပ်ရွာသားများက ကိုယ်ထူကိုယ်ထလုပ်အားပေးစနစ်ဖြင့် ပြုပြင်နေကြောင်း သိရသည်။

"တံတားက အရမ်းဆွေးနေပြီ။ အဲဒါကြောင့် ကားတွေပြန်သွားနိုင်ဖို့ ပြန်ပြုပြင်နေကြတာ။ ဒီလိုမျိုးတံတားကို ပြင်တာကို နိုင်ငံတော်အစိုးရက လုပ်ပေးရမယ်ဆိုပေမယ့် သူတို့ကမပြင်ပေးဘဲ လျစ်လျူရှုထားလို့ ကိုယ်တွေပဲ ကိုယ်ထူကိုယ်ထစနစ်နဲ့ ပြုပြင်နေတာပါ"ဟု ဝါရာဇွပ်ရွာသား ဦးတန်ဝွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါတံတားသည် ပျက်စီးယိုယွင်းကာ ဆွေးမြေ့နေသည့်အတွက် ထိုတံတားအား အသုံးမပြုကြဘဲ အခြားလမ်းများမှ သွားလာနေရသောကြောင့် အလွန်အခက်တွေ့ရသည်ဟု ဒေသခံရွာသားများက ပြောသည်။

"ကွေ့ပတ်ပြီး သွားနေရတာဆိုတော့ မလိုအပ်ဘဲ ကားခတွေ အပိုကုန်တယ်။ ဒါကြောင့် တစ်အိမ်ထောင်စုကို ဘယ်လောက်ထည့်မယ်ဆိုပြီး အစီအစဉ်ဆွဲပြီး သစ်တွေကို ပြန်ဝယ်ပြီး ပြန်ဆောက်နေကြတာ"ဟု ဦးတန်ဝွန်းက ဆက်လက် ပြောသည်။

လက်ရှိအချိန်၌ မိုးကောင်းချောင်းတံတားကို ပြင်ဆင်ရာတွင် မပြီးဆုံးသေးသည့်အတွက် ဝါရာဇွပ်ရွာသားများအနေဖြင့် ယုဇနကုမ္ပဏီက ဆောက်လုပ်ထားသည့် လမ်းမှ သွားလာနေရကြောင်း သိရသည်။

"ကျွန်တော်တို့ ဝါရာဇွပ်ရွာသားတွေက ကားစီးမယ်ဆို ယုဇနကုမ္ပဏီလမ်းမကြီးဘက်ကနေ သွားရတယ်။ အဲဒီလိုသွားရင် လမ်းမှာရှိတဲ့ ဂိတ်တွေကို မလိုအပ်ဘဲ အခွန်ငွေတွေ ပေးနေရတယ်။ အဲလိုဆိုတော့ ကားသမားတွေကလည်း ဒီလမ်းကို မဝင်ချင်ဘူး။ နိုင်ငံတော်အစိုးရကလည်း ဒီတံတားကို လုံးလုံးပစ်ပယ်ထားသလိုပဲ"ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

ထို့အပြင် ယမန်နှစ်ကလည်း မိုးကောင်းချောင်း တံတားအောက်တွင်ရှိသည့် နဂျုးခ (NaJuhka) တံတားအနီးတွင် ယုဇနကုမ္ပဏီက တောမီးရှို့ခဲ့ပြီး အဆိုပါတောမီးကြောင့် နဂျုးခတံတားမှာ မီးလောင်ပျက်ဆီးသွားသည့်အတွက် ထိုမိုးကောင်းချောင်းတံတားလမ်းအား မည်သူမျှဖြတ်သန်းသွားလာခြင်းမရှိတော့ကြောင်း သိရသည်။

အထက်ပါအကြောင်းအရာများကြောင့် ဝါရာဇွပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများအနေဖြင့် သွားလာရေးတွင်အခက်ကြုံရမှုကြောင့် မိုးကောင်းချောင်းတံတားအား ပြန်လည်ပြုပြင်ပေးရန် ဝါရာဇွပ်အုပ်ချုပ်ရေးမှူးက ဖားကန့်မြို့နယ်ရှိ ဆောက်လုပ်ရေးအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သုံးကြိမ်တိုင် စာများပို့ခဲ့ကြောင်း သိရသည်။

ယုဇနကုမ္ပဏီ၏ ကုန်ထုတ်လမ်းကို ၂၀၀၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ ထိုလမ်းတွင် ဖြတ်သန်းသွားလာသူများကို အခွန်ငွေများ ကောက်ခံကြောင်း သိရသည်။



လဖိုင်လု

---

# ရေပုပ်များကို ရေနုတ်မြောင်းအသစ်မှ ဧရာဝတီမြစ်အတွင်း ဖောက်ချမည့်အစီအစဉ်ကို ပြည်သူများ သဘောမတူ

ဖေဖော်ဝါရီ ၁၀

ဝိုင်းမော်မြို့နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းအသစ် ဖောက်လုပ်မည့် အစီအစဉ်ကို ဒေသခံပြည်သူများ သဘောမတူညီဘဲ ဝိုင်းဝန်းကန့်ကွက်နေကြသည်ဟု သိရသည်။

စည်ပင်သာယာရေးအဖွဲ့သည် ဝိုင်းမော်မြို့နယ်၊ ရပ်ကွက် ၁ ရှိ ပန်းပဲတန်း လမ်းသွယ် ၁၀ တွင် ရေနုတ်မြောင်းအသစ်ကို ဖောက်လုပ်မည်ဖြစ်ပြီး ရေပုပ်များကို ထိုမြောင်းမှတစ်ဆင့် ဧရာဝတီမြစ်အတွင်း စွန့်ပစ်မည်ကို ဒေသခံပြည်သူများ သဘောမတူညီကြခြင်းဖြစ်သည်။

ဒေသခံများက ထိုသို့ ရေနုတ်မြောင်းဖောက်လုပ်မည်ကို ဝိုင်းဝန်းကန့်ကွက်နေရခြင်း၏ အကြောင်းအရင်းမှာ မိုးရာသီအတွင်း ဧရာဝတီမြစ်အတွင်းမှ ရေများသည် အဆိုပါဖောက်လုပ်မည့် ရေနုတ်မြောင်းမှတစ်ဆင့် မြို့ထဲသို့ ဝင်လာခြင်းကြောင့် ရေဖုံးလွှမ်းသည့် ပြဿနာအား ရင်ဆိုင်ရမည်ကို ကြောက်ရွံ့သောကြောင့်ဖြစ်ကြောင်း ရပ်ကွက် ၁ တွင် နေထိုင်သည့် ဒေါ်နန်းသီက ပြောသည်။

"တစ်မြို့လုံးက ရေပုပ်တွေကို ဒီမြောင်းကနေတစ်ဆင့် ဧရာဝတီမြစ်ထဲ ဖောက်ချမှာတဲ့။ အဲဒါကို အစ်မတို့က လုံးဝလက်မခံနိုင်ဘူး။ အဲဒီက ရလာမယ့် ဘေးထွက်ဆိုးကျိုးက မိုးတွင်းမှာတစ်မြို့လုံးရေကြီးမှာ။ သူတို့လုပ်ပေးမယ့် ရေထိန်းတံခါးကလည်း လုံခြုံခိုင်ခန့်မယ်လို့ မပြောနိုင်ဘူးလေ။ ဒီလိုလုပ်ပေးပါလို့ လူထုကမတောင်းဆိုဘဲ လာလုပ်တာ။ လုံးဝသဘောမတူဘူး"ဟု ဒေါ်နန်းသီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထိုရေနုတ်မြောင်း ဖောက်လုပ်မည့် အစီအစဉ်ကို ၂၀၁၇ ခုနှစ်ကတည်းက ကန့်ကွက်နေခြင်းဖြစ်ပြီး ဒေသခံများ၏ အဆိုပါ ကန့်ကွက်နေမှုကို သက်ဆိုင်ရာ အစိုးရဌာနအသီးသီးသို့ စာပေးပို့ခဲ့သော်လည်း ထိုစီမံကိန်းအား ရပ်တန့်လိုက်ခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်လုပ်ခြင်းဖြစ်ကြောင်း ဒေသခံများက ရှင်းပြသည်။

အဆိုပါ ရေနုတ်မြောင်းဖောက်လုပ်မှုကို ဒေသခံများ ကန့်ကွက်နေခြင်းနှင့် ပတ်သက်၍ "ဒီမြောင်းကြောင့် ဖြစ်လာမယ့် ဆိုးကျိုးက မရှိဘူး။ အခုလို လုပ်ပေးရတာက ပြည်သူတွေရဲ့ လိုအပ်ချက်ကြောင့်ပါ။ ဒီရေနုတ်မြောင်းကြောင့် ပြည်သူတွေအတွက် အန္တရာယ်မဖြစ်လာနိုင်ပါဘူး။ ဆေးရုံဘက်မှာလည်း ရေနုတ်မြောင်းအဟောင်း ရှိတယ်။ အဲဒါက မစီးတော့ဘူး။ ဒါကြောင့် အသစ်ဖောက်လုပ်တာ" ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းပြသည်။



ပန်းပဲတန်း လမ်းသွယ် ၁၀ အတွင်း စည်ပင်သာယာရေးအဖွဲ့က လုပ်ဆောင်နေသည့် ထိုရေနုတ်မြောင်းဖောက်လုပ်မှုကို ကန့်ကွက်သည့်အနေဖြင့် ဒေသခံပြည်သူများက လုပ်ငန်းခွင်အတွင်း သွားရောက်ပြောဆိုမှုများ ပြုလုပ်ခဲ့သော်လည်း လုပ်ငန်းခွင်မှ တာဝန်ရှိသူများက ထိုစီမံကိန်းသည် အထက်အမိန့်အရ လုပ်ဆောင်ရခြင်းဖြစ်သည်ဟုပြောဆိုရှင်းပြခဲ့ကြောင်း သိရသည်။

"ရေပုပ်တွေကို မြစ်ဆိပ်ထဲ ဖောက်ချလိုက်မယ်ဆို ကျွန်မတို့ဘယ်ကရေကိုသွားသောက်ရမလဲ။ ကျွန်မတို့က ဒီရေကိုပဲချိုးပြီး ဒီရေကိုပဲသောက်တာလေ။ အခုတော့ ရေပုပ်တွေကို မြစ်ထဲ ဖောက်ချမယ်ဆိုတော့ မြစ်အောက်ဘက်မှာနေတဲ့သူတွေက ပိုတောင်ဆိုးသွားဦးမယ်"ဟု ဒေသခံ ဒေါ်အေးသန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထိုရေနုတ်မြောင်းအသစ်ဖောက်လုပ်မှုကို ပန်းပဲတန်းရပ်ကွက်နှင့် သိမ်ကြီးစုရပ်ကွက်တို့တွင်နေထိုင်သည့် ဒေသခံများက ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုး၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအပြင် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးရုံးသို့ စာတင်ပြခဲ့ကြောင်း သိရသည်။

ထိုကန့်ကွက်စာတွင် ဝိုင်းမော်မြို့အတွင်း ရေနုတ်မြောင်း အသစ်ဖောက်လုပ်ခြင်းကြောင့် မြစ်ရေတိုက်ရိုက်စီးဝင်လာကာ မြို့အတွင်းရေနစ်မြုပ်မှု မြန်ဆန်စွာဖြစ်ပေါ်လာနိုင်ကြောင်း၊ ဧရာဝတီမြစ်ကို မှီခိုနေလျက်ရှိသော ပန်းပဲတန်းရပ်ကွက်၊ သိမ်ကြီးစုရပ်ကွက်၊ အမှတ် ၄ ရပ်ကွက်မှ ဒေသခံများအတွက် သောက်ရေသုံးရေ အခက်တွေ့မှုကိုကြုံတွေ့ရနိုင်ကြောင်း၊ အသစ်ဖောက်လုပ်မည့် ရေနုတ်မြောင်းသည် အမှတ် ၄ အခြေခံပညာ မူလတန်းကျောင်းနှင့် အလွန်နီးသောကြောင့် ကျောင်းနေကလေးများအတွက် ကျန်းမာရေးထိခိုက်နိုင်ကြောင်း စသည်တို့ ပါဝင်သည်ဟု သိရသည်။

ဆန်လတ်

# တနိုင်းမြို့နယ်အတွက် ၂ နှစ်အတွင်း ကျောင်းပေါင်း ၂၀ လောက်ရအောင် တင်ပြခဲ့တယ်ဆိုတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး

စည်သူ(မြစ်ကြီးနား)
မေးမြန်းသည်



**တနိုင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးအဆိုင်တာတွေ၊ တပ်မတော်နဲ့ ကေအိုင်အေတို့အကြားတိုက်ပွဲများ မကြာခဏ ဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူများစားဝတ်နေရေး အခက်တွေ့ရတာတွေ၊ ရှေ့ဆက် လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီးတော့ သိရှိနိုင်ဖို့ တနိုင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးနဲ့ တွေ့ဆုံစဉ်မေးမြန်းဖြစ်ခဲ့ပါတယ်။ အထက်ပါမေးခွန်းတွေနဲ့ပတ်သက်လို့ ဦးလင်းလင်းဦးရဲ့ ဖြေကြားချက်တွေကို မြစ်ကြီးနားသတင်းဂျာနယ် ပရိသတ်ကြီးအတွက် အခုလို ဖော်ပြပေးလိုက်ပါတယ်။**

**မေး ။ ။ လက်ရှိ တနိုင်းဘက်မှာဖြစ်နေတဲ့ အခြေအနေလေးတွေ ပြောပြပါဦး။ လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီးတော့ရော အဆိုတင်ဖို့ရှိလား။**

ဖြေ ။ ။ လောလောဆယ်မှာတော့ ပြန်ငြိမ်နေတယ်။ တိုက်ပွဲဖြစ်တယ်ဆိုတဲ့ အသံတော့ ပြန်မကြားရသေးဘူး။ လောလောဆယ်တော့ ဒီကိစ္စကို အဆိုတင်ဖို့ မရှိသေးပါဘူး။ နှစ်ဘက်တပ်တွေ တွေ့ဆုံပြီးတဲ့အခါမှာတော့ ပြန်ငြိမ်သွားတာတွေ ရှိတယ်လေ။ တနိုင်းပြည်သူတွေကတော့ နောက်ထပ်ပြန်ဖြစ်မှာကို စိုးရိမ်နေကြတာပေါ့။ နှစ်ဖက်ခေါင်းဆောင်တွေကတော့ တစ်စုံတစ်ခုတော့ ညှိနှိုင်းဆောင်ရွက်မယ်ထင်ပါတယ်။

**မေး ။ ။ ဆရာအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေတဲ့သက်တမ်းအတွင်း တနိုင်းမှာဖြစ်ပေါ်နေတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး တင်ခဲ့တဲ့အဆိုတွေ၊ မေးခဲ့တဲ့ကြယ်ပွင့်ပြ မေးခွန်းတွေ၊ကြယ်ပွင့်မပြမေးခွန်းတွေမှာ ပြည်ထောင်စုအစိုးရဘက်ကနေ ထူးထူးခြားခြားပြန်ပြီး လုပ်ပေးခဲ့တာတွေရှိရင် သိချင်ပါတယ်။**

ဖြေ ။ ။ တောင်းထားတဲ့ အရာတွေကတော့ အများကြီးရှိပါတယ်။ မေးထားတဲ့ အရာတွေကလည်း အများကြီးပါပဲ။ ဒီနှစ်ဆိုလို့ရှိရင် ပြီးခဲ့တဲ့ ၂၀၁၇ - ၁၈ အတွက် ကျောင်းတွေ ဆောက်လုပ်ပေးဖို့ မေးလိုက်တယ်ပေါ့နော်။ ၂၀၁၈ ဇွန်လရဲ့ ဘတ်ဂျက်မှာ အတည်မပြုရသေးပေမယ့် ကျောင်းဆောက်ဖို့တွေ တော်တော်များများ ပါလာတယ်။ ကျောင်းတွေ ၂၀ နီးပါးလောက် ဆောက်ဖို့အတွက် လုပ်လာတယ်။ အဲဒါလေးတော့ ထူးထူးခြားခြားပေါ့နော်။

**မေး ။ ။ လွှတ်တော်က အတည်ပြုပေးခဲ့တဲ့ အဆိုတွေ၊ မေးခွန်းတွေ မေးတာတွေနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရကနေ ပြန်လုပ်ပေးတဲ့အပေါ် ဆရာ့အနေနဲ့ကျေနပ်အားရမှုရှိရဲ့လား။**

ဖြေ ။ ။ မြို့အနေအထားနဲ့ ပြောရရင် တနိုင်းမြို့နယ်ဟာ သေးငယ်တဲ့ မြို့လေးတစ်ခုပါ။ လက်ရှိအနေအထားနဲ့ ဘဏ္ဍာရေးဘတ်ဂျက်နဲ့ လုပ်ပေးတဲ့ အနေအထားမှာဆိုရင် ဒီမြို့နယ်အနေနဲ့တော့ အားရမှုရှိပါတယ်။ ဓါတ်အားလိုင်းကိစ္စတွေမှာလည်း စွမ်းစွမ်းတမံလုပ်ပေးဖို့မြင်နေရတယ်။ ဒါကတော့ စီမံကိန်း ကိစ္စတွေပေါ့။ စိတ်မကောင်းတာက ကျွန်တော့်မဲဆန္ဒနယ်မှာ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေတဲ့အခါကျတော့ ပြည်သူတွေ စီးပွားရေးကျပ်တည်းလာတယ်။ ဒီတစ်ချက်ကတော့ စိတ်မကောင်းစရာပါ။

**မေး ။ ။ ရှေ့ဆက်ပြီးတော့ တနိုင်းဒေသအတွက် ဆရာအနေနဲ့ ဘယ်လိုအဆိုမျိုးတွေကို တင်ဖို့ လျာထားလဲ။**

ဖြေ ။ ။ ကျွန်တော်တို့မှာက မေးခွန်းရှိတယ်။ အဆိုရှိတယ်။ ကြယ်ပွင့်ပြမေးခွန်းဆိုတာ လွှတ်တော်မှာ ထမေးထဖြေပေါ့။ ကြယ်ပွင့်မပြဆိုတောက စာနဲ့မေးပြီး စာနဲ့ ဖြေတာပေါ့။ အဆိုကတော့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုပေါ့။ အခု လောလောဆယ်မှာတော့ အဆိုနဲ့ပတ်သက်ပြီး တင်ဖို့တော့မရှိသေးပါဘူး။ အဆိုဆိုတာကလည်း ဖြစ်ပေါ်လာတဲ့ အနေအထားပေါ်မှာမူတည်ပြီး လုပ်ရတာလေးတွေ ရှိတယ်လေ။ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ လိုအပ်တဲ့မေးခွန်းတွေကိုတော့ မေးမြန်းသွားရမှာပေါ့။ သက်တမ်း နှစ်နှစ်အတွင်းမှာတော့ ကျွန်တော်မေးထားတာ မေးခွန်းပေါင်းတစ်ရာလောက် ရှိပါပြီ။

**မေး ။ ။တနိုင်းမှာဆန်တွေ၊ စက်သုံးဆီတွေ ပြတ်လတ်နေတာ ကြာပြီပေါ့နော်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေတင်ပြလို့ ဘာတွေ ထူးခြားလာတာရှိလဲ။**

ဖြေ ။ ။ ဆန်တွေ၊ ဆီတွေကို ပိတ်လိုက်တာက ၂၀၀၆ ခုနှစ်နိုဝင်ဘာလကတည်းကပါ။ ပြီး စိစစ်တာကတော့ ၂၀၀၆ ပြီလကနေပြီးတော့ စိစစ်တာ။ ကျွန်တော်တို့ ကိုယ်စားလှယ်ဆိုဒ်ကနေ လုပ်ခဲ့ကြတာတွေ တင်ပြခဲ့ကြတွေလည်း အဆင့်ဆင့်ပါပဲ။ သို့သော်လည်းပဲ တပ်မတော်ဘက်ကအကြောင်းပြတာက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကေအိုင်အို/ ကေအိုင်အေကို ရိက္ခာထောက်ပံ့တယ်ဆိုတဲ့ အတွက်နဲ့ ကန့်သတ်တာပေါ့လေ။ ပိတ်လိုက်တဲ့အချိန်မှာ တော်တော်လေး ခက်ခဲသွားတယ်။ အခုထက်ထိလည်းကန့်သတ်ထားတုန်းပဲ။ ပြည်သူတွေဘက်နေ ဆန်ပြတ်တယ်၊ ဆီပြတ်တယ်ဆိုပြီးတော့ ဆက်သွယ်လာတာတော့ မရှိသေးဘူး။ လွတ်လွတ်လပ်လပ်နဲ့ သယ်ဆောင်ခွင့်တော့မရသေးဘူး။ အရင်တုန်းကလိုပဲ အကန့်အသတ်နဲ့ပဲ သယ်ခိုင်းတယ်။

**မေး ။ ။ တနိုင်းဒေသမှာ တိုက်ပွဲတွေဖြစ်လို့ ပြေးလာတဲ့ စစ်ရှောင်တွေကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ကူညီပေးနေတာ တွေ့ရပါတယ်။ ဆရာတို့ ကိုယ်စားလှယ်တွေဘက်ကလည်း ဘယ်လိုကူညီဆောင်ရွက်ပေးတာမျိုးရှိသလဲ သိပါရစေ။**

ဖြေ ။ ။ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ တိုက်ပွဲတွေလည်း တအားပြင်းထန်နေတဲ့ အချိန်ပေါ့။ စစ်ရှောင်တွေက ထွက်ချင်တဲ့အချိန်မှာ တပ်မတော်က နေရာယူထားတာတွေ ရှိတယ်။ ကျွန်တော့်ကို ဆက်သွယ်လာတဲ့ အခါကျတော့ ကချင်ပြည်နယ် ဝန်ကြီးချုပ်ကို ဖုန်းနဲ့ တင်ပြလိုက်တယ်။ တပ်ပိုင်းဆိုင်ရာကိစ္စဆိုတော့ နယ်လုံဝန်ကြီးနေတစ်ဆင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကို ညှိနှိုင်းပေးမယ်လို့ ပြောတယ်။ ၂၈ ရက်နေ့ရောက်တော့ စစ်ရေးအခြေအနေကလည်း တော်တော်လေး ပြင်းထန်နေတဲ့အချိန်ဖြစ်နေတယ်။ ၂၉ ရက်နေ့မှာတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို စာရေးတင်ပြတာပေါ့။ စာတင်ပြီးနောက်ပိုင်းတော့ ပိတ်မိနေတဲ့ ပြည်သူတွေ တစ်သုတ်ပြီးတစ်သုတ် ထွက်လာတာပေါ့လေ။ ကျွန်တော်တို့က နေပြည်တော်ရောက်နေတဲ့ အခါကျတော့ ပြည်နယ်အစိုးရနဲ့ လှမ်းချိတ်တယ်။ မြေပြင်မှာ ထိထိရောက်ရောက်လုပ်တာကတော့ ဌာနဆိုင်ရာကပါ။

**မေး ။ ။ ဒီလိုပဋိပက္ခတွေ ဖြစ်တဲ့နေရာမှာ နှစ်ဘက်တပ်တွေကြားကနေ အလုပ်လုပ်ရတာ ဘယ်လိုအခက်အခဲတွေ ရှိပါသလဲ။**

ဖြေ ။ ။ နှစ်ဘက်တပ်ကြားမှာ ကျွန်တော်တို့ ပြည်သူတွေက ကြားမညပ်အောင်လို့ နှစ်ဦးနှစ်ဖက်ကို အဆင်ပြေစေချင်ပါတယ်။ ဒါမှလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ လုပ်နိုင်မှာပါ။ ကိုယ်စားလှယ်တွေအနေနဲ့ လုပ်ရကိုင်ရတာ ဘေးကျပ်နံကျပ်တော့ ဖြစ်တာပေါ့။ နှစ်ဖက်တပ်နဲ့တော့ အချိတ်အဆက်မရှိပေမယ့် ပြည်သူတွေကိုတော့ ကျွန်တော်တို့က တာဝန်ခံရတယ်။ နှစ်ဘက်တပ်ဖြစ်တော့ စားဝတ်နေရေးခက်ခဲရင် ကျွန်တော်တို့ ခေါင်းပေါ်ရောက်လာတာပေါ့။ အဲဒီလိုမျိုး အခက်အခဲတွေ ဖြစ်ရပါတယ်။


**မေး ။ ။ တနိုင်းပြည်သူတွေ ကိုယ်စား ပြည်နယ်အစိုးရကို ဘာတွေ လုပ်ပေးစေချင်လဲ။ တနိုင်းဒေသအတွက်ပြည်နယ်အစိုးရကို ဘာတွေတောင်းဆိုချင်သလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ တနိုင်းက နယ်မြေတည်ငြိမ်အေးချမ်းဖို့က ပထမအရေးကြီးပါတယ်။ ငြိမ်းချမ်းရေးကတော့ အဓိက တောင်းဆိုချင်ပါတယ်။ အဲဒီတစ်ချက်ရမှ စားဝတ်နေရေးလုပ်ငန်းခွင်တွေ အဆင်ပြေမှာ။ တနိုင်းဒေသအတွက် အခြေခံအကျဆုံးအချက်က ဒီအချက်ပါပဲ။ ■

**အမည် - ဦးလင်းလင်းဦး**
**(တနိုင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**
**အဖအမည် - ဦးချိုင်ထန်**
**အမိအမည်- ဒေါ်အေးတင်**
**ပညာအရည်အချင်း - ဥပဒေဘွဲ့ရ**
**အသက် - ၃၅ နှစ်**

# နိုင်ငံအသီးသီးမှ အဖိနှိပ်ခံလူသားများအား ကူညီပေးနေသည့် ဘုန်းတော်ကြီးမိုက်ကယ်လ်ပ်စလေက မြစ်ကြီးနားမှ စစ်ရှောင်များနှင့် တွေ့ဆုံ

နိုင်ငံအသီးသီးမှ အဖိနှိပ်ခံလူသားများအား ကူညီဖေးမနေသူ ဘုန်းတော်ကြီးမိုက်ကယ်လက်ပ်စလေသည် မြစ်ကြီးနားမြို့တွင်ရှိသည့် စစ်ရှောင်များနှင့် ၎င်းတို့အား ပံ့ပိုးကူညီပေးနေသည့် အဖွဲ့အစည်းများကို လာရောက်တွေ့ဆုံပြီး စိတ်ပိုင်းဆိုင်ရာ ကုစားမှုများ ပြုလုပ်ပေးခဲ့သည်။



"စစ်ရှောင်တွေရဲ့ ခံစားချက်တွေကို ကျွန်တော်နားလည်ပါတယ်။ ဒီမှာဖြစ်နေတဲ့ အခြေအနေသည် အသွင်အပြင်အားဖြင့် မတူတဲ့အခြေအနေမျိုးပါ။ သူတို့ရဲ့ ခံစားချက်တွေကို နားထောင်ပေးတာအပြင် စိတ်ပိုင်းဆိုင်ရာ၊ စိတ်အတွင်းပိုင်းဆိုင်ရာတွေကိုကုစားခြင်းအားဖြင့် ဖြည့်ဆည်းပေးဖို့ အခုလို လာခဲ့တာပါ"ဟု ဘုန်းတော်ကြီး မိုက်ကယ်လက်ပ်စလေက မိန့်ကြားသည်။

ဘုန်းတော်ကြီး မိုက်ကယ်လက်ပ်စလေသည် တောင်အာဖရိကနိုင်ငံသို့ သာသနာပြုရန်ရောက်ရှိနေသူဖြစ်ပြီး မြန်မာနိုင်ငံသို့ ကြွရောက်လာခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်ကြောင်း သိရသည်။

"အခိကကတော့ ဒီမှာ အလုပ်ရုံဆွေးနွေးပွဲလေးလုပ်ပေးဖို့ လာခဲ့ပေမဲ့။ တစ်ပြိုင်တည်းမှာပဲ ရာနဲ့ချီတဲ့နေရပ်စွန့်ခွာစစ်ရှောင်တွေကိုတွေ့ပြီး အားပေးစကားပြောတာ လုပ်ခဲ့တယ်။ ဘုရားကျောင်းတွေက အသင်းတော်ခေါင်းဆောင်တွေနဲ့တွေ့ခဲ့တယ်။ ကျမ်းစာသင်ကျောင်းတွေကိုသွားခဲ့တဲ့အပြင် ကာတ်သလစ် ဘုန်းတော်ကြီးတွေနဲ့လည်း တွေ့ခဲ့ပါတယ်"ဟု ဘုန်းတော်ကြီး မိုက်ကယ်လက်ပ်စလေက ပြောသည်။

ဘုန်းတော်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားသို့ ရောက်ရှိစဉ်အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ပဋိပက္ခဒေသများအတွင်းရှိနေသည့် လူ့အဖွဲ့အစည်းများ ကြုံတွေ့နေရသည့် အခက်အခဲများကို ကုစားပေးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

"ပြောရမယ်ဆိုရင် ဘုရားကျောင်းက ခေါင်းဆောင်တွေ ကိုယ်တိုင် သူတို့စိတ်ထဲမှာ အနာတရတွေ ရှိနေကြတယ်။ ဒီတော့ ဒီအနာတရဖြစ်နေတဲ့ စိတ်က သူ့အောက်က လူတွေကိုပါ လွှမ်းခြုံနေတာမျိုးတွေ ဖြစ်နေတာပေါ့။ ဒါတွေကို မြင်အောင်ကြည့်ပြီး ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ အဖြေသိအောင် လုပ်ပေးခဲ့တာပါ" ဟု ဘုန်းတော်ကြီးက မြစ်ကြီးနားသတင်းဂျာနယ်သို့ မိန့်ကြားသည်။

ဘုန်းတော်ကြီး၏ ကုစားပေးမှုကြောင့် မိမိအနေဖြင့် မည်ကဲ့သို့ ရှေ့ဆက်လုပ်ဆောင်သွားရမည်ကို ထင်ရှားစွာသိရှိလာသည်ဟု ဘုန်းတော်ကြီးနှင့် တွေ့ဆုံခဲ့သည့် စစ်ရှောင်တစ်ဦးက ပြောသည်။

"ကိုယ့်ကိုယ်ကိုယ် ရှင်းရှင်းလင်းလင်းမြင်သွားတဲ့အတွက် ရှေ့ဆက်ပြီး ဘာတွေလုပ်ရမယ်၊ ဘယ်ခြေလှမ်း လှမ်းရမယ်ဆိုတာတွေ သိလာတယ်။ ပြောကြတယ်။ ကချင်ပြည်နယ်လိုမျိုး ပဋိပက္ခပြင်းထန်တဲ့ဒေသမှာ ကိုယ့်ကို အခိက နာကျင်စေတာ၊ ပင်ပန်းစေတာက ကိုယ့်ရဲ့ မိသားစု၊ ကိုယ့်ရဲ့ သားသမီးတွေနဲ့ပတ်သက်တဲ့ ကိစ္စမျိုးတွေ ဖြစ်နေတယ်ဆိုတာ ဘုန်းတော်ကြီးနဲ့တွေ့ပြီးမှ သဘောပေါက်သွားတော့တယ်" ဟု ဘုန်းတော်ကြီး မိုက်ကယ်လက်ပ်စလေနှင့် ဂိုက်စ်ဘုရားကျောင်းတွင် တွေ့ဆုံခဲ့သည့် စစ်ရှောင်တစ်ဦးက ပြောသည်။



ဓါတ်ပုံ - Green Memo Facebook Page

မျှော်လင့်ချက်ဆိုသည်မှာ လူသားတိုင်းအတွက် အခြေခံကျသည့်ကိစ္စရပ်ဖြစ်ပြီး စစ်ရှောင်များတွင်လည်း ခံစားချက်၊ မျှော်လင့်ချက်များရှိကြောင်း၊ ထိုစစ်ရှောင်များ၏ ခံစားချက်၊ မျှော်လင့်ချက်များကို မိမိတို့အနေဖြင့် အသိအမှတ်ပြုပေးရမည်ဟု ဘုန်းတော်ကြီးက တိုက်တွန်းခဲ့သည်။

"IDPs တွေမှာလည်း သူတို့ဘဝကိုသူတို့ပြန်လည်အခြေချနေထိုင်နိုင်ရေးနဲ့ ပတ်သက်တဲ့ မျှော်လင့်ချက်တွေ ရှိပါတယ်။ သူတို့ရဲ့ ခံစားနေရမှုတွေ၊ နာကျင်မှုတွေကို အသိအမှတ်ပြုရပါမယ်။ အနည်းဆုံးတစ်ယောက်ဝေဒနာ တစ်ယောက်ဒုက္ခကိုတစ်ယောက် နားထောင်ပေးမယ်၊ အားပေးမယ်ဆိုရင် အတော်ကိုခရီးရောက်မယ့် ကိစ္စဖြစ်ပါလိမ့်မယ်"ဟု ဘုန်းတော်ကြီးက အကြံပြုခဲ့သည်။

ဘုန်းတော်ကြီး မိုက်ကယ်လက်ပ်စလေသည် နယူးဇီလန်နိုင်ငံတွင် မွေးဖွားလာခဲ့သူဖြစ်ပြီး တောင်အာဖရိက နိုင်ငံသို့ သာသနာပြုရန် ရောက်ရှိနေစဉ် လူဖြူများက လူမည်းများအား မတရားဖိနှိပ်အုပ်ချုပ်နေသည်ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။

အဆိုပါ အသားရောင်ဆန့်ကျင်တိုက်ပွဲဝင်မှုကြောင့် စာတိုက်မှတစ်ဆင့် ပေးပို့လာသော တောင်အာဖရိက အစိုးရထံမှ စာအိတ်တစ်အိတ်ရောက်ရှိလာပြီး ထိုစာအိတ်ကိုဖွင့်ဖောက်ကြည့်ခဲ့ခြင်းကြောင့် လက်နှစ်ဖက်၊ မျက်လုံးတစ်ဖက်နှင့် နားရွက်တစ်ဖက်ဆုံးရှုံးခဲ့ရသူ ဖြစ်သည်။

ငြိမ်းပြည့်စုံ၊ လဖိုင်လု

ရွှေကံဆင့်
(၂.၃.၂၀၁၈) ရက်နေ့စမည်။
တချင်ပြည်နယ်အသက်မွေးဝမ်းကျောင်းအတတ်ပညာ (အထူး) သင်တန်း
၁။ ယာဉ်မောင်း/စက်ပြင် (အထူး) သင်တန်း
၂။ ကျောက်စိမ်း၊ကျောက်မျက်ရတနာ (အထူး) သင်တန်း
၃။ ရွှေ (အထူး) နှင့် စိန် (အထူး) သင်တန်း
၄။ တရုတ်စကားပြော (အထူး) သင်တန်း
အထူးအခွင့်အရေး- ရပ်ဝေးသင်တန်းသား/သူများအား နေရေး/စားရေး (အခမဲ့) စီစဉ်ပေးမည်။
ဆက်သွယ်ရန်လိပ်စာ သင်တန်းတက်ရောက်လိုသူများ ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။
အမှတ်(၃၄၂)၊ ကျွန်းပင်သာရပ်၊ ကျွန်းပင်သာလမ်းမကြီးဘေး၊ ရသာမွှန်စားသောက်ဆိုင်အနီး၊ မြစ်ကြီးနား။
ဖုန်း၊ ၀၉-၇၈၄၉၆၆၃၇၀ ၀၉-၇၈၄၉၆၆၃၇၁

၂၀၁၈ ခုနှစ် အတွက်
မြစ်ကြီးနားသတင်းဂျာနယ်
လပေး နှစ်ချုပ်
မှာယူလို့ရပြီ...
ဆက်သွယ်ရန်

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ချားဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘုတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ အာရှဖလား ခြေစစ်ပွဲစဉ်အား ကြားကွင်းအဖြစ် တောင်ကိုးရီးယားနိုင်ငံ အင်ချွန်းမြို့တွင် ကစားရန် AFC ဆုံးဖြတ်



၂၀၁၉ အာရှဖလားခြေစစ်ပွဲအုပ်စု(က)၏ ရွှေ့ဆိုင်းထားခဲ့ရသောပွဲစဉ်တစ်ပွဲ ဖြစ်သည့် ကာဂျစ္စတန်အသင်းနှင့်မြန်မာအသင်းတို့၏ ပွဲကျန်အားကြားကွင်းအဖြစ် တောင်ကိုးရီးယားနိုင်ငံ အင်ချွန်းမြို့ရှိ Incheon FootballStadium တွင်ယှဉ်ပြိုင်ကစားရန် အာရှဘောလုံးအဖွဲ့ချုပ် AFC က ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်အား မူလသတ်မှတ်ထားသည့် ၂၀၁၈ ခုနှစ် မတ်လ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပွဲချိန်ကိုမူ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့သည် ပထမအကျော့ ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားစဉ်က (၂-၂)ဂိုးစီသရေကျခဲ့ပြီး ယခုကစားမည့်ပွဲစဉ်မှာ နှစ်သင်းစလုံးအတွက် အရေးပါသည့် အဆုံးအဖြတ်ပွဲစဉ်လည်း ဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲစဉ်အပြီးတွင် ခြေစစ်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မကာအိုလက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိအနေအထားအရ အုပ်စု(က)တွင် အိန္ဒိယအသင်းက တစ်ပွဲကျန်ရမှတ် ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ ကာဂျစ္စတန်အသင်းက နှစ်ပွဲကျန်ရမှတ် ၇ မှတ်ဖြင့် အုပ်စုဒုတိယ၊ မြန်မာအသင်းက နှစ်ပွဲကျန်ရမှတ် ၇ မှတ်ဖြင့် အုပ်စုတတိယနေရာတို့တွင် ရပ်တည်လျက်ရှိပြီး မကာအိုအသင်းမှာမူ တစ်ပွဲကျန်ရမှတ် မရရှိသေးဘဲ အုပ်စုနောက်ဆုံးနေရာတွင် ရပ်တည်လျက်ရှိပါသည်။

# ဂိုးသမား ဒီဂီယာအား ရောင်းချရန် မိမိတွင်လုံးဝဆန္ဒမရှိကြောင်း မန်ယူနည်းပြမော်ရင်ဟို ထုတ်ဖော်ပြောဆို



မန်ယူအသင်း၏နည်းပြမော်ရင်ဟိုက မိမိအနေဖြင့် ဂိုးသမားဒီဂီယာအား ရောင်းချသွားရန် လုံးဝဆန္ဒမရှိဟု ထုတ်ဖော်ပြောဆိုလိုက်သည်။

ဒီဂီယာသည် မန်ယူအသင်းတွင်လစာတိုးမြှင့်တောင်းဆိုရန် စီစဉ်နေသူတစ်ဦးဖြစ်ပြီး ၎င်းအားခေါ်ယူလိုသောအသင်းများကလည်း စောင့်ကြည့်လျက်ရှိသည်။ ဂိုးသမားဒီဂီယာနှင့်ပတ်သက်၍ မော်ရင်ဟိုက "ကျွန်တော် သူ့ကိုပြန်လည်ရောင်းချလိုစိတ် လုံးဝမရှိပါဘူး။ မန်ယူအသင်းဆိုတာ ကစားသမားကောင်းတွေ ရှာဖွေခေါ်ယူပြီး အကောင်းဆုံးပြိုင်ဆင်နေတဲ့အသင်းပါ။ အဲဒီလို ခေါ်ယူနေခြင်းဟာလည်း ပြန်လည်ရောင်းချဖို့ မဟုတ်ပါဘူး"ဟု ပြောဆိုခဲ့သည်။ ထို့ပြင် မန်ယူနည်းပြမော်ရင်ဟိုသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းအား ထပ်မံအားဖြည့်ရန် ပြင်ဆင်နေပြီး ရီးရဲအသင်းမှ အစွကို၊ ဟာရာနီ၊ တိုနီကရုစ စသော ကစားသမားများကို ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။





# ဝက်စ်ဘရွန်းအသင်း၏ တိုက်စစ်မှူး ဒန်နီရယ်စတားရစ်ချ် ပေါင်ခြံဒဏ်ရာကြောင့် နှစ်ပတ်ခန့် အနားယူရမည်

လီဗာပူးအသင်းမှ ဝက်စ်ဘရွန်းအသင်းသို့ အငှားသွားရောက်ကစားနေသော တိုက်စစ်မှူးဒန်နီရယ်စတားရစ်ချ်သည် ပြီးခဲ့သည့် ချယ်လ်ဆီးအသင်းနှင့်ပွဲစဉ်တွင် ပေါင်ခြံဒဏ်ရာ ရရှိသွားခဲ့ပြီးနှစ်ပတ်ခန့်အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။

စတားရစ်ချ်သည် အဆိုပါဒဏ်ရာအား ချယ်လ်ဆီးအသင်းနှင့်ပွဲစတင်ပြီး ၃ မိနစ်အကြာတွင် ရရှိခဲ့ခြင်းဖြစ်ပြီး ဝက်စ်ဘရွန်းအသင်းမှာလည်း ချယ်လ်ဆီးအသင်းအား (၃-၀) ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဝက်စ်ဘရွန်းအသင်း၏နည်းပြ အလန်ပါဂျူးကလည်း အဆိုပါဒဏ်ရာနှင့်ပတ်သက်၍ "သူဟာ ကွင်းထဲမှာ မီတာ ၆၀ လောက်ပဲ ပြေးလွှားလိုက်ရပြီး ပေါင်ခြံဒဏ်ရာကို ခံစားလိုက်ရတာပါ။ လာမယ့်တစ်ပွဲစဉ်ကိုတော့ သူသေချာပေါက် လွဲချော်ပါလိမ့်မယ်"ဟု ညည်းတွားပြောဆိုခဲ့သည်။ စတားရစ်ချ်သည် ယခုရာသီကုန်အထိ ဝက်စ်ဘရွန်းအသင်းတွင် အငှားစာချုပ်ဖြင့် လာရောက်ကစားနေသူဖြစ်ပြီး ဝက်စ်ဘရွန်းအသင်းအတွက် နှစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိသေးသူဖြစ်သည်။

# လက်ရှိအချိန်တွင် စပါးအသင်း၌ ရှိနေရခြင်းကို အလွန်တရာပျော်ရွှင်ကျေနပ်မိသည်ဟု နည်းပြပိုချက်တီနိုပြောဆို





ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲဆက်ခြေစွမ်းပြသလျက်ရှိသော စပါးအသင်း၏နည်းပြဖြစ်သူ ပိုချက်တီနိုက လက်ရှိအချိန်တွင် စပါးအသင်းနှင့်အတူတွေ့ရှိနေရခြင်းကို အလွန်ပင်ပျော်ရွှင်နေမိသည်ဟု ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၄၅ နှစ်အရွယ်ရှိပြီဖြစ်သူ ပိုချက်တီနိုသည် ၂၀၁၄ ခုနှစ်တွင် စပါးအသင်းအား စတင်ကိုင်တွယ်နည်းပြခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင် ၎င်း၏စပါးအသင်းသည် အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသလျက်ရှိသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ထွက်ပေါ်ခဲ့သည့်သတင်းများအရ စပိန်ကလပ်ရီးရဲမက်ဒရစ်အသင်းက ၎င်းအားခေါ်ယူရန် ကြိုးပမ်းမည်ဟုသိရသည်။ အဆိုပါသတင်းများနှင့်ပတ်သက်၍ ပိုချက်တီနိုက "ကျွန်တော် စပါးအသင်းမှာရှိနေရတာကို အရမ်းကျေနပ်နေမိပါတယ်။ ကျွန်တော်ဒီအသင်းမှာပဲ ဘောလုံးနဲ့ပတ်သက်တာတွေ ဆက်လုပ်ချင်ပါသေးတယ်"ဟု အာဆင်နယ်အသင်းအား အနိုင်ရခဲ့သည့်ပွဲအပြီးတွင် မီဒီယာများအား ပြန်လည်ဖြေကြား ပြောဆိုခဲ့ပါသည်။

## Mister & Miss Tourism and Culture Universe 2018 ပြိုင်ပွဲတွင် ကချင်တိုင်းရင်းသူနော်ဒူးဒူက 1st Runner Up ဆုရရှိ



ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပသော Mister & Miss Tourism and Culture Universe 2018 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ကချင်တိုင်းရင်းသူနော်ဒူးဒူက 1st Runner Up ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအား ကျင်းပရခြင်းမှာ နိုင်ငံတကာ၏ ယဉ်ကျေးမှုကို နှီးနှောဖလှယ်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ခရီးသွားခြင်းလုပ်ငန်းကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ချက်နှင့်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲကိုဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၉ ရက်အထိ ရန်ကုန်မြို့ရှိသုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ထိုပြိုင်ပွဲကို နိုင်ငံပေါင်း ၂၀ ကျော်မှ အလှမယ်များနှင့် Mister များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် နော်ဒူးဒူက Miss Tourism and Culture Univers 2018 1st Runner Up ဆုအပြင် Special Award များဖြစ်သော Medical Sponer Award, Best National Costume နှင့် Best in Swimsuit Top(3)ဆုတို့ကိုပါ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

Miss Tourism and Culture Universe 2018 Winner ကို ရုရှားအလှမယ် Svetlana Khokhlova က ရရှိသွားခဲ့ကာ Mister Tourism and Culture Universe 2018 ကို ကိုရီးယားနိုင်ငံသား Sujae Yoo က ရရှိခဲ့ကြောင်း သိရသည်။

အလှမယ် နော်ဒူးဒူသည် 3rd Miss Universe Myitkyina တွင်လည်း 1st Runner up ဆုရရှိထားသော အလှမယ်တစ်ဦးဖြစ်ပြီး သူမသည် လက်ရှိအချိန်တွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားနေကာ မြစ်ကြီးနားမြို့ရှိ ဂျန်မိုင်ကောင်းရပ်ကွက်တွင် နေထိုင်သော လီဆူတိုင်းရင်းသူ အလှမယ်တစ်ဦးဖြစ်သည်။

ဆိုင်းထွယ်ဇင်




## Maji Ah Tang ၏ 2 THOUSAND 8 အမည်ရ တေးစီးရီးကို ကချင်တစ်ပြည်နယ်လုံးသို့ ဖြန့်ချိသွားမည်

ဖေဖော်ဝါရီ ၁၀

တေးသံရှင် Maji Ah Tang ၏ 2 THOUSAND 8 အမည်ရ တေးစီးရီးကို ဖေဖော်ဝါရီလ ၅ရက်နေ့မှစတင်၍ ကချင်ပြည်နယ် တစ်ပြည်နယ်လုံးသို့ ဖြန့်ချိခဲ့ကြောင်း သိရသည်။

အဆိုပါ တေးစီးရီးကို MK Music Production က ထုတ်လုပ်ခြင်းဖြစ်ပြီး ထိုတေးစီးရီးတွင် တေးရေး Lasham Tumai၊ Ah Ba Di, SengNi (Blast) Sumlut Gam Aung, Zelum, Laha Dau Dau, Nhkum Zau Nan, Maran Tu တို့က ပါဝင်ရေးသားထားကာ Keyboard ကို ဇော်မွန်း၊ Drums ကို အောင်ရိန်၊ Guitar ကို ဆောင်ဇုန်းနှင့် အဂ္ဂျန်အပြင် Bass Guitar ကို အင်ဂျာတန်တို့က ပါဝင်တီးခတ်ပေးထားကြောင်း သိရသည်။

တေးစီးရီးတွင် တေးသီချင်းစုစုပေါင်း ၁၂ ပုဒ် ပါဝင်ပြီး စီးရီးခေါင်းစဉ်ကို 2 THOUSAND 8 ဟု အမည်ပေးထားရခြင်းမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကြောင့် လူ့အခွင့်အရေးဆုံးရှုံးမှုများအပေါ် သီဆိုထားသော သီချင်းကိုအခြေခံ၍ အမည်ပေးထားခြင်းဖြစ်ကြောင်းတေးသံရှင် Maji Ah Tang က မြစ်ကြီးနားသတင်းဂျာနယ် သို့ ပြောသည်။

"ကျွန်တော့စီးရီးထဲမှာ သီချင်းကတော့ ပုံစံမျိုးစုံပါပဲ။ အချစ်သီချင်း၊ အလွမ်းသီချင်းလေးတွေပါသလို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ် ဆိုထားတာလေးတွေ ရှိတယ်။ ဒီမိုကရေစီခေတ်ဆိုတော့ ပွင့်ပွင့်လင်းလင်း ချပြချင်လို့ပါ။ ပရိသတ်ကြီးလည်း အားပေးကြပါဦးလို့ တောင်းဆိုချင်ပါတယ်"ဟု Maji Ah Tang က ပြောသည်။

ထိုစီးရီးတွင် Slow Rock, Pop Rock သီချင်း အမျိုးအစားများပါဝင်ပြီး မြစ်ကြီးနားမြို့ Song တေးသံသွင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်

## တရုတ်နွေဦးရုပ်ရှင်ပွဲတော်ကို မြစ်ကြီးနား ဧရာရုပ်ရှင်ရုံတွင် တစ်ပတ်ကြာကျင်းပမည်

ဖေဖော်ဝါရီ ၁၀

တရုတ်နွေဦး ရုပ်ရှင်ပွဲတော်ကို ဖေဖော်ဝါရီလ ၁၆ ရက်မှစတင်၍ တစ်ပတ်ကြာသည်အထိ မြစ်ကြီးနားမြို့ရှိ ဧရာရုပ်ရှင်ရုံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တရုတ်နွေဦးရုပ်ရှင်ပွဲတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ဦးစီးပြုလုပ်ခြင်းဖြစ်ပြီး ထိုပွဲတော်ကို မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် တစ်ပြိုင်နက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုရုပ်ရှင်ပွဲတော် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုကို နှီးနှောဖလှယ်နိုင်စေရန်အပြင်မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားများအား တရုတ်ယဉ်ကျေးမှုများကို သိမြင်နိုင်စေရန်ဖြစ်ကြောင်း ဧရာရုပ်ရှင်ရုံ၏ မန်နေဂျာဦးလှိုင်ထူးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီပွဲက တရုတ်ရိုးရာကို အဓိကပြသသွားမယ့် ရုပ်ရှင်ပွဲတော်ဖြစ်တယ်။ ယဉ်ကျေးမှုဖလှယ်ကြတဲ့ သဘောပါပဲ။ ဒီရုပ်ရှင်ပွဲတော်ကို မြစ်ကြီးနားမှာကျင်းပတာ ဒါပထမဦးဆုံးပွဲပဲ။ လူကြီးလူငယ်မရွေး အားလုံးကို လာစေချင်ပါတယ်။ ဖိတ်ခေါ်လိုက်ပါတယ်" ဟု ဦးလှိုင်ထူးကပြောသည်။

ပွဲတော်ရက်များအတွင်း တရုတ်ရုပ်ရှင်များကို နေ့ပွဲနှင့်ညပွဲတစ်ပွဲစီ၌ အခမဲ့ ပြသသွားမည်ဖြစ်ကြောင်းသိရပြီး ထိုပွဲ၌ Kung Fu Yoga, Detective Chinatown, Go away Mr tuMar, Xuan Zang စသည့် ရုပ်ရှင်တို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်

